၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 702 MARCH 22, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဂျပန်အစိုးရကမြန်မာစစ်အစိုးရအရာရှိတွေကိုရွေးကောက်ပွဲဆိုင်ရာသင်တန်းများပေး

**Mizzima ၊ မတ်လ ၁၇ ။ ။** အရှေ့တောင် အာရှနိုင်ငံတနိုင်ငံဖြစ်သော မြန်မာက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအတွက်ပြင်ဆင်နေချိန် ဂျပန်အစိုးရက မြန်မာအရာရှိများကို ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပေးနေသည်ဟု သတင်းရပ်ကွက်များကဆိုပါ သည်။

မြန်မာစစ်အစိုးရ၏အဆင့် ၇ ဆင့်ပါ ဒီမိုကရေစီသို့ ပြောင်းလဲရေးလမ်းပြမြေပုံကိုထောက်ခံသည့် အစိတ်အပိုင်းအဖြစ် မြန်မာအရာရှိ ၅ ဦးကို ရွေးကောက်ပွဲကျင်းပုံနှင့်စပ်လျဉ်းသည့်သင်တန်းကို ဂျပန်ကပေးနေခြင်းဖြစ်သည်။ “ရွေးကောက်ပွဲများကို ဘယ်လိုဘယ်ပုံကျင်းရတယ်ဆိုတာနဲ့ ပတ်သက်တဲ့ သင်တန်းတရပ်ကို မြန်မာအစိုးရစေလွှတ်တဲ့အရာရှိ ၅ ဦးကိုပေးနေတယ်ဆိုတာ ကျမသိပါတယ်”ဟု မြန်မာ့သတင်းကွန်ယက် (ဂျပန်) (Burma Information Network-Japan) ၏ ဂျပန်လူမျိုး လှုပ်ရှားတက်ကြွသူ Yuki Akimoto ကပြောပါသည်။

ရွေးကောက်ပွဲကို ဂျပန်က အင်တိုက်အားတိုက်ထောက်ခံနေခြင်းကို တွေးမိသည့်အခါ အလွန်ဝမ်းနည်းရကြောင်း သူမက ဆက်ပြောပါသည်။ ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာအစိုးရ၏လမ်းပြမြေပုံတွင် အဆင့် ၅ ဖြစ်သည်။ လမ်းပြမြေပုံကို ထောက်ခံသည့် မူဝါဒအား ဂျပန်ကတလျှောက်လုံး ကိုင်စွဲလာခဲ့သဖြင့် ယခုလို လျှို့ဝှက်သင်တန်းပေးနေသည့်သတင်းများပေါ်ထွက်လာသည့်အပေါ် မြန်မာ့အရေးအကဲခတ်များကမူ မအံ့သြကြပါ။

လွတ်လပ်မျှတသောရွေးကောက်ပွဲများ ကျင်းပပေးရန် ဂျပန်ကတိုက်တွန်းနေပြီး ထိုသို့ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံတွင်အပြောင်းအလဲများဖြစ်လာနိုင်ကြောင်း ယုံကြည်လျှက်ရှိသည်ဟု Akimoto ကပြောပါသည်။

သို့သော်အာရှတိုက်၏ခိုင်မာ အတောင့်တင်းဆုံး ဒီမိုကရေစီနိုင်ငံကြီးအနေဖြင့် စစ်အစိုးရ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို သေချာစွာအနီးကပ်လေ့လာသင့်ကြောင်းနှင့် အားလုံးပါဝင်နိုင်သည့် ဖြစ်စဉ်တရပ်ပေါ်ထွန်းလာရေးအတွက် တိုက်တွန်းသင့်ကြောင်း သူမက ပြောဆိုပါသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော သံဃာတော်များဦးဆောင်သည့် ငြိမ်းချမ်းသောဆန္ဒပြပွဲများကို စစ်အစိုးရက အကြမ်းဖက်နှိမ်နင်း ရာ ဂျပန်ဓါတ်ပုံသတင်းထောက် Kenji Nagai ပစ်ခတ်သေဆုံးခဲ့ရပြီးနောက် မြန်မာ၏ တုန်လှုပ်ခြောက်ခြားဖွယ်လူ့အခွင့်အရေးအခြေအနေကို စိုးရိမ်ပူပန်ကြောင်းနှင့် စစ်အစိုးရ၏အပြုအမူနှင့် စပ်လျဉ်း၍ပြောဆိုရန် ဂျပန်အစိုးရအပေါ် ဖိအား အနည်းငယ်ဖြစ်ပေါ်လာခဲ့သည်။

သို့သော် Nagai သတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်သည့် ဂျပန်၏စုံစမ်းစစ်ဆေးမှုသည် အချက်အလက်အနည်းငယ်သာရရှိဖော်ထုတ်နိုင်ခဲ့ပြီး သတ်ဖြတ်သူများအပေါ် အပြစ်ပေးခြင်းနှင့်ပတ်သက်သည့် တရားဝင်ကြေညာချက်မရရှိဘဲပြန်လာခဲ့ရသည်။ သတင်းလွတ်လပ်ခွင့်အတွက်တိုက်ပွဲဝင်နေသောအဖွဲ့များအပါအဝင် ကမ္ဘာတဝှမ်းလုံးမှ သတင်းစာဆရာများက Nagai အားသတ်ဖြတ်သည့် အဖြစ်မှန်ကိုဖော်ထုတ်ရေးနှင့် ကျူးလွန်သူများအား ထိရောက်စွာအရေးယူရေးအတွက် မြန်မာအစိုးရအား ဖိအားပေးရန် ဂျပန်အစိုးရကို ဝိုင်းဝန်းတောင်းဆိုခဲ့ကြသည်။

ဤနောက်ခံအကြောင်းအချက်များကို ဆန့်ကျင်ပြီး ဂျပန်သည်မြန်မာအစိုးရနှင့်ဆက်ဆံရေးမှန်သမျှကို လူသိရှင်ကြားကြေညာပြောကြားခြင်းမပြုဘဲ ခပ်မဆိတ်သံတမန်ရေး (Quiet Diplomacy) ကိုသာ တလျှောက်လုံးကျင့်သုံးခဲ့ သည်ဟု ယခုရက်သတ္တပတ်ကုန်က ဂျပန်နိုင်ငံ နာဂိုယာမြို့တွင်ကျင်းပသော မြန်မာ့အရေးနိုင်ငံတကာကွန်ဖရင့်ကို ဦးဆောင်ကျင်းပသူ ပါမောက္ခ Cho Sein Yamahata က ပြောပါသည်။

ဂျပန်သည် မြန်မာနှင့်ဆက်ဆံရေးကို ခပ်မဆိတ်သာနေလိုပြီး အနောက်နိုင်ငံများပုံစံ ပိတ်ဆို့အရေးယူမှုကိုလည်းမကြိုက်၊ ဒေသတွင်းနိုင်ငံများ၏ ချဉ်းကပ်မှုပုံစံဖြစ်သော အပြုသဘောဆက်ဆံရေးမူဝါဒကိုလည်း နှစ်သက်ခြင်းမရှိဟု ပါမောက္ခ Yamahata ကပြောပါသည်။

မြန်မာနိုင်ငံအကြောင်း သတင်းအချက်အလက်များ အနည်းအကျဉ်းသာရရှိခြင်းကလည်း ဂျပန်အစိုးရ၏မြန်မာပြည်ဆိုင်ရာမူဝါဒ ပြန်လည်သုံးသပ်ရေးအတွက် နားဝင်အောင်ပြောဆိုရာတွင် အခက်အခဲဖြစ်နေခြင်း၏ အကြောင်းအချက်တခု ဖြစ်သည်ဟု သူက ဆိုပါသည်။

“ဒီကွန်ဖရင့်က မြန်မာနိုင်ငံအကြောင်း ဂျပန်

အိုင်အဲလ်အိုတိုင်သည့်အမှုဘက်မှ ရှေ့နေလိုက်သူ ဦးဖိုးဖြူကို စစ်အုပ်စုကထောင်ချ **စာမျက်နှာ ၂**

လူရွှင်တော်ဇာဂနာ ထောင်ထဲတွင် ခဲဆိပ်သင့်ဝေဒနာခံနေရ **စာမျက်နှာ ၅**

ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ် လူ့အခွင့်အရေးနဲ့ပတ်သက်၍ ပြောင်းလဲ **စာမျက်နှာ ၅**

အတိုက်အခံအင်အားစုတွေနဲ့ သင့်မြတ်ဘို့ စင်ကာပူဝန်ကြီးချုပ် တိုက်တွန်း **စာမျက်နှာ ၁၁**

**VOB အာဘော်**

# ရွေးကောက်ပွဲ နှင့် အနာဂတ်မြန်မာပြည်

အာဆီယံနှင့် အာရှနိုင်ငံများအပါအဝင် အချို့သောနိုင်ငံများသည် မြန်မာနိုင်ငံ၌ စစ်အာဏာရှင်များက စီစဉ်နေသော ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်စေရန်အလိုရှိနေကြသည်။ ထို့ကြောင့် မြန်မာစစ်အာဏာပိုင်များအား လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်ရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းကလက်ခံနိုင်သော သက်ဆိုင်သူနိုင်ငံရေးအင်အားစုအားလုံးပါဝင်သည့်ရွေးကောက်ပွဲဖြစ်စေရန် ၎င်းတို့ကတိုက်တွန်းလျက်သည်။

မြန်မာ့အရေးကို တောက်လျှောက်ပါဝင်ကူညီနေသော ဂျပန်အဖွဲ့အစည်းတခုကို ကိုယ်စားပြုသူတဦး၏ပြောဆိုချက်ကို ကိုးကား၍ မဇ္ဈိမသတင်းဌာနက ဂျပန်အစိုးရသည် မြန်မာပြည်တွင်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်သောမြန်မာအရာရှိများအား ဂျပန်သို့ခေါ်ယူကာ ရှင်းလင်းပြသသင်ကြားလေ့လာစေသည်ဟု သတင်းဖော်ပြသည်။ ဤသတင်းသည် လွန်စွာမှပင် အရေးကြီးသည့်သတင်းဖြစ်သည်။

ဂျပန်အစိုးရ၏ယခုကဲ့သို့သောလုပ်ရပ်က မြန်မာစစ်အာဏာရှင်များကျင်းပမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားရေးအတွက် အခြေခံကျသောခြေလှမ်းဖြစ်သည်ဟု ယုံကြည်ထားပုံရသည်။ တနည်းအားဖြင့်ဆိုရလျှင် မြန်မာ့ဒီမိုကရေစီရေးပြဿနာသည် ၂၀၁၀ တွင် အဆုံးသတ်လိမ့်မည်ဟု ဂျပန်အစိုးရမျှော်လင့်ထားသည်ဟု ဆို၍ရသည်။ ဒီမိုကရေစီကိုဖော်ဆောင်ရာတွင် ရွေးကောက်ပွဲသည် အခြေခံအကျဆုံးသောခြေလှမ်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်မည့် လွှတ်တော် သို့မဟုတ် ပါလီမန်ဆိုသည်မှာ ပေါ်ထွန်းပြီဖြစ်သောကြောင့်တည်း။ နိုင်ငံရေးလုပ်ငန်းစဉ်အရကြည့်လျှင်သော်လည်းကောင်း၊ နိုင်ငံရေးသဘောတရားအရကြည့်လျှင်သော်လည်းကောင်း ဤသည်မှာ မှန်ကန်သည့်ခြေလှမ်းဖြစ်သည်။ သို့သော် ရွေးကောက်ပွဲကျင်းပပြီးတိုင်း ထိုနိုင်ငံ၌ ဒီမိုကရေစီထွန်းကားပြီလော၊ ရွေးကောက်သည် လွတ်လပ်၍တရားမျှတရုံဖြင့် ထိုနိုင်ငံ၌ ဒီမိုကရေစီထွန်းကားပြီလော ဆိုသည်မှာ မြန်မာနိုင်ငံအတွက် အထူးတလည်မေးခွန်းထုတ်ကာ စဉ်းစားရပေမည်။

ရွေးကောက်ပွဲကျင်းပရန်အတွက် လိုအပ်သောအခင်းအကျင်းကို နအဖစစ်အာဏာရှင်များက လုပ်ဆောင်မှုမရှိခြင်း၊ ထိုထက်ဆိုးသည်မှာ ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးပါတီများကို ဥပဒေမဲ့နှိပ်ကွပ်နေဆဲဖြစ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ဆိုးရွားစွာကျူးလွန်နေခြင်းများပြနေသည်။ အဆိုးတကာ့အဆိုးဆုံးမှာ ၂၀၁၀ ရွေးကောက်ပွဲတွင်ရွေးချယ်ခံရသောပြည်သူ့ကိုယ်စားလှယ်များသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရမည်၊ ထိုအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သောကြောင့်တည်း။ ထိုအခြေခံဥပဒေအရ စစ်တပ်သည်အနာဂတ်မြန်မာ့နိုင်ငံရေးကို လက်ဝါးကြီးအုပ်ခွင့်ပေးထားပြီး ကာကွယ်ရေးဦးစီးချုပ်ကို အာဏာသိမ်းခွင့်ပေးထားသည်။ စစ်တပ်ကို တရားဝင်အာဏာသိမ်းခွင့်ပေးထားသောအခြေခံဥပဒေဆိုသည်မှာ မည်သို့သောအခြေခံဥပဒေမျိုးဖြစ်သည်ကို ဂျပန်အစိုးရသည် နားလည်ပုံမရပေ။ ထို့ကြောင့်ပင် မြန်မာပြည်၌ ၂၀၁၀ တွင် နအဖစီစဉ်သောရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ကိုယ်ထိလက်ရောက်အကူအညီပေးနေခြင်းဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေကို အကောင်အထည်ဖော်ရမည့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်ပြီးနောက်ဖြစ်ပေါ်လာမည့် မြန်မာ့ပြည်တွင်းရေးဆိုးကျိုးများအတွက် ဂျပန်အပါအဝင် ရွေးကောက်ပွဲဖြစ်မြောက်ရေးကူညီအားပေးသူ၊ ကျင်းပသူ၊ ပါဝင်သူများသည် သမိုင်းတရားခံဖြစ်လိမ့်မည်ဟု သတိပေးရေးသားလိုက်ရပေသည်။

# အိုင်အဲလ်အိုတိုင်သည့်အမှုဘက်မှ ရှေ့နေလိုက်သူ ဦးဖိုးဖြူကို စစ်အုပ်စုကထောင်ချ

**DVB ၊ မတ်လ ၁၆ ။** ။ ဒီမိုကရေစီရေး လူ့အခွင့်အရေးလှုပ်ရှားသူတွေဘက်က လိုက်ပါအကျိုးဆောင်နေတဲ့ လူငယ်ရှေ့နေ ဦးဖိုးဖြူကို နအဖစစ်အုပ်စုရဲ့တရားရုံးက ဒီနေ့မွန်းလွဲမှာ ထောင်ဒဏ် ၄ နှစ် ချမှတ်လိုက်ပါတယ်။

ဦးဖိုးဖြူကို အာဏာပိုင်တွေက မတရားသင်းဖွဲ့စည်းမှုနဲ့ တရားစွဲပြီး မကွေးတိုင်းတရားရုံးတွင်း အထူးခုံရုံးက စီရင်ချက်ချလိုက်တာလို့ တရားရုံးနဲ့နီးစပ်သူတဦးက ပြောပါတယ်။ မကွေးတိုင်းကလယ်သမားတွေ အဓမ္မလယ်သိမ်းခံရမှုအတွက် လိုက်ပါဆောင်ရွက်ပေးနေတဲ့ဦးဖိုးဖြူကို အာဏာပိုင်တွေက ပြီးခဲ့တဲ့ ဇန်နဝါရီမှာ ဖမ်းဆီးခဲ့ပါတယ်။ မကွေးတိုင်း နတ်မောက်မြို့ မျက်ရဲကန်၊ ကျောင်းရွာလေးစတဲ့ ရွာတွေက လယ်ဧက ၅,၀၀၀ ကျော်ကို နယ်မြေခံစစ်တပ်က လျော်ကြေးမပေးဘဲ သိမ်းယူမှုကို လယ်သမား ၅၀ ခန့်က ရန်ကုန်ရှိ အိုင်အယ်လ်အိုနိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ရုံးဆီ တိုင်ကြားခဲ့ပါတယ်။

အဲဒီတိုင်ကြားရာမှာ ပါဝင်ကူညီတဲ့ အောင်လံမြို့က ကိုဇော်ဌေးနဲ့ တခြားသုံးဦးကို အာဏာပိုင်တွေက ဖမ်းဆီးတရားစွဲပါတယ်။ အာဏာပိုင်တွေရဲ့စွပ်စွဲချက်ကိုချေပဖို့ ကိုဇော်ဌေးရဲ့မိသားစုက ဦးဖိုးဖြူကို ရှေ့နေအဖြစ် တာဝန်ပေးအပ်လို့ လိုက်ပါဆောင်ရွက်နေစဉ် ပြီးခဲ့တဲ့ ဇန်နဝါရီမှာ ဖမ်းဆီးတရားစွဲတာပါ။ ဦးဖိုးဖြူရဲ့ အမှုသည်တွေထဲက ကိုဇော်ဌေးကို အာဏာပိုင်တွေသိမ်းတဲ့ လယ်မြေတွေကို ဓာတ်ပုံရိုက်တဲ့အပေါ် နိုင်ငံတော်လျှို့ဝှက်ချက်ကို ပေါက်ကြားစေမှုနဲ့ လွန်ခဲ့တဲ့ ဇန်နဝါရီ ၂၃ ရက်မှာ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါတယ်။

ဒီမိုကရေစီရေး လူ့အခွင့်အရေးလှုပ်ရှားသူတွေဘက်က အမှုအခင်းတွေမှာ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ပေးတဲ့ ရှေ့နေတွေကို အာဏာပိုင်တွေက နည်းမျိုးစုံ နှောင့်ယှက်နေတဲ့အပြင် အမှုအမျိုးမျိုးနဲ့တရားစွဲပြီး အရေးယူနေပါတယ်။ လူငယ်ရှေ့နေ ဦးညီညီထွေးကို လှိုင်မြို့နယ်တရားရုံးက တရားစီရင်ရေးနှောင့်နှေးစေမှုနဲ့တရားစွဲပြီး ပြီးခဲ့တဲ့ အောက်တိုဘာမှာ ထောင်ဒဏ် ၆ လချမှတ်ထားပါတယ်။ အလားတူပုဒ်မနဲ့ မျက်ကွက်ထောင်ဒဏ်ချမှတ်ခံရတဲ့ လူငယ်ရှေ့နေ စောကျော်ကျော်မင်းကတော့ ထိုင်း–မြန်မာနယ်စပ်ကို တိမ်းရှောင်သွားပါတယ်။ တရားရုံးချုပ်ရှေ့နေတွေဖြစ်တဲ့ ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန်တို့ကို တရားရုံး မထီမဲ့မြင်ပြုမှုနဲ့ပြီးခဲ့တဲ့ နိုဝင်ဘာမှာ ထောင်ဒဏ်ချမှတ်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ဧရာဝတီတိုင်းရှိ ပုသိမ်ထောင်နဲ့ မြောင်းမြထောင်တို့ကနေ ဒီလဆန်း ၆ ရက်မှာ အသီးသီးလွတ်မြောက်ပါတယ်။

### မျက်နှာဖုံးမှ

ပြည်သူတွေအကြားမှာရော အစိုးရကရော ပိုမိုနားလည်သိရှိလာစေဘို့ အဓိကမီးမောင်းထိုးပြနိုင်အောင်ကျင်းပတာပါ” ဟု မြန်မာ့အရေးခွဲခြမ်းစိတ်ဖြာသုံးသပ်သူများ၊ သံတမန်ဟောင်းများ၊ ပညာရှင်များနှင့် တတ်သိပညာရှင်များ တက်ရောက်ခဲ့သည့် ယခုလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပခဲ့သည့် ကွန်ဖရင့်ကို ရည်ညွှန်းပြောကြားသွားပါသည်။

ကွန်ဖရင့်သည် ဤသို့သောကိစ္စရပ်မျိုး အတွက် ပထမဆုံးကျင်းပသော အစည်းအဝေးဖြစ်ပြီး ပွဲစီစဉ်ကျင်းပသူများအနေဖြင့် မြန်မာ့အရေးကိုပိုမိုနားလည်သဘောပေါက်လာစေရန် အလားတူပွဲများကို ဆက်လက်စီစဉ်ကျင်းပသွားမည်ဟု သူက ပြောပါသည်။

## မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအစီရင်ခံစာ မစ္စတာကင်တားနားလူ့အခွင့်အရေးကော်မတီသို့ တင်သွင်း

# ရွေးကောက်ပွဲမတိုင်မီ နအဖလိုက်နာဘို့ အချက် ၄ ချက် အစီရင်ခံစာမှာဖော်ပြထား

**RFA ၊ မတ်လ ၁၆ ။ ။** မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စား လှယ် Mr.Tomas Ojea Quintana ဟာ မတ်လ ၁၆ ရက် ဒီကနေ့ ဆွစ်ဇာလန် နိုင်ငံ ဂျနီဗာမြို့မှာ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအစီရင်ခံစာကိုတင်သွင်းခဲ့ ပါတယ်။

ဖမ်းဆီးထောင်ချခံထားရတဲ့ အသက်အရွယ်ကြီးရင့်သူတွေ နာမကျန်းဖြစ်နေသူတွေနဲ့ နိုင်ငံရေးခေါင်းဆောင်တွေစတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို စတင်လွှတ်ပေးသင့်ပြီလို့ လူ့အခွင့်အရေးကောင်စီမှတင်ပြသလို မြန်မာနိုင်ငံမှာတရားမျှတတဲ့ တရားစီရင်ရေးစနစ်ဖြစ်ဘို့ တရားစီရင်ရေးစနစ်တွေကိုပြန်လည်ပြုပြင်ဘို့ကိုလည်း ဖော်ပြတိုက်တွန်းထားပါတယ်။

Mr.Quintana ကသူ့အစီရင်ခံစာနဲ့ပတ်သက်ပြီး RFA ကို ပြောဆိုရာမှာ မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေတွေ ကောင်းမွန်လာရေးအတွက် လိုက်နာလုပ်ဆောင်ဘို့အကြံပြုတိုက်တွန်းထားတဲ့အချက် ၄ ချက်ကို ၂၀၁၀ ခုရွေးကောက်ပွဲမတိုင်မီ စစ်အစိုးရအနေနဲ့လိုက်နာအကောင်အထည်ဖော်သင့်ပါတယ်လို့ပြောဆိုပါတယ်။

၁။ တရားဥပဒေနဲ့အညီတရားစီရင်ခွင့်ရရေးဆိုတဲ့အချက်ကိုထိပ်ဆုံးကဖော်ပြထားပြီး။

၂။ အချက်အနေနဲ့ကတော့ ၂၀၁၀ ခုရွေးကောက်ပွဲမတိုင်မီလွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာစည်းရုံးပိုင်ခွင့်၊

၃။ အများပြည်သူအကြား ခွဲခြားဖိနှိပ်မှုဆိုင်ရာအကာအကွယ်ပေးရေးနိုင်ငံတကာဥပဒေများ။

၄။ မြန်မာပြည်သူတွေရဲ့နေထိုင်စားသောက်မှုဆိုင်ရာ အခြေအနေ၊ စားနပ်ရိက္ခာနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ။

၅။ လူ့အခွင့်အရေးဆိုင်ရာ စံသတ်မှတ်ချက်တွေအပေါ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊

စတဲ့ခေါင်းစဉ် ၅ ခုခွဲပြီး အချက်အလက်ပေါင်း ၁၀၈ ချက်ကို စာမျက်နှာ ၄၀ ပါ အစီရင်ခံာကိုရေးသားတင်သွင်းတာဖြစ်ပါတယ်။

သူ့ရဲ့အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ လူမှုရေးအရခွဲခြားဖိနှိပ်တာတွေရှိနေပြီး လူ့အခွင့်အရေးအခြေအနေတွေဟာ စိမ်ခေါ်ခံနေရဆဲဘဲလို့ဖော်ပြထားပါတယ်။ ဒ့ါအပြင် သူသွားရောက်ခဲ့တဲ့ အင်းစိန်ထောင်နဲ့ဖားအံထောင်တွေကအခြေအနေတွေကိုဖော်ပြထားသလို နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့လည်းဖော်ပြထားပါတယ်။ ဒ့ါအပြင် အဓမ္မလုပ်အားပေးစေခိုင်းတာတွေကိုအဆုံးသတ်ဘို့လိုအပ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာထဲမှာ ဘယ်အချက်တွေကိုအဓိကဖောင်းပေးဖော်ပြထားပါသလဲ...

“ပြီးခဲ့တဲ့ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမ တိုင်မီ လွန်ခဲ့တဲ့အောက်တိုဘာလထဲတုန်းက မြန်မာနိုင်ငံမှာလုပ်ဆောင်ဘို့အကြံပြု တိုက်တွန်းခဲ့တဲ့အချက်တွေကို အခုတခါမှာလည်းထပ်မံတိုက်တွန်းထားပါတယ်။ ဒီ ကြံပြုတိုက်တွန်းချက်တွေကတော့...

– နိုင်ငံတကာဥပဒေတွေနဲ့မကိုက်ညီတဲ့ မြန်မာနိုင်ငံကဥပဒေတွေနဲ့ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်ကိုပြန်လည်သုံးသပ်ပြင်ဆင်ပေးဘို့။

– နိုင်ငံရေးအကျဉ်းသားတွေကို လျင်လျင်မြန်မြန် ပြန်လွှတ်ပေးဘို့။

– မြန်မာစစ်တပ်နဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေကို စနစ်တကျပြန်လည်ပြုပြင်ဖွဲ့စည်းဘို့။

– မြန်မာနိုင်ငံမှာသီးခြားလွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ရှိဘို့၊ တရားစီရင်ရေးစနစ်ကိုပြန်လည်ပြင်ဆင်တည်ဆောက်ဘို့ စတဲ့အချက်တွေဘဲဖြစ်ပါတယ်လို့ Mr.Quintana က ဖြေဆိုပါတယ်။

ဒီလူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာတင်ပြီးနောက် ဘယ်လိုရလာဒ်တွေထွက်ပေါ်လာမယ်လို့မျှော်လင့်ပါသလဲလို့ မြန်မာနိုင်ငံအပေါ် ဘယ်လိုသက်ရောက်မှုတွေရှိမှာဘာလဲလို့မေးမြန်းတာကိုတော့ Mr.Quintana က...

“ပြီးခဲ့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလထဲက မြန်မာနိုင်ငံကိုတခေါက်သွားခဲ့တုန်းက သက်ဆိုင်ရာစစ်အစိုးရတာဝန်ရှိသူတွေနဲ့တွေ့ဆုံခဲ့ပြီး ကျနော်အကြံပြုတိုက်တွန်းချက်တွေအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ ပတ်သက်လို့ဆွေးနွေးခဲ့ပါတယ်။ ဒီကျနော့်ရဲ့အကြံပြုတိုက်တွန်းချက်တွေကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ဒီအကြံပြုတိုက်တွန်းချက်တွေကို အပြည့်အဝလုပ်ဆောင်လာဘို့ နောက်ဆက်တွဲလုပ်ငန်းစဉ်တွေကို ကျနော် ဆက်လက်ဆောင်ရွက်နေပါတယ်။”

နောက်ထပ်မေးခဲ့တဲ့မေးခွန်းတခုက ဒီအစီရင်ခံစာမိတ္တူထဲမှာ ပထမဦးဆုံးအချက်အနေနဲ့ တရားဥပဒေနဲ့အညီတရားမျှတစွာ တရားခွင်မှာဖြေရှင်းခွင့်ရရေးဆိုတဲ့အချက်ကိုဖော်ပြထားပါတယ်။ လက်ရှိမြန်မာနိုင်ငံကတရားစီရင်ရေးနဲ့ပတ်

**စာမျက်နှာ ၁၀ သို့**

# ဒေါ်စုကို မြန်မာပြည်ရဲ့မျှော်လင့်ချက်ဟု ဟီလာရီကလင်တန် ပြောဆို

**VOA ၊ မတ်လ ၁၉ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာနိုင်ငံအတွင်းယုံကြည်ချက်ကြောင့် စွန့်လွှတ်စွန့်စားသူအမျိုးသမီးတွေနဲ့အတူ လက်တွဲရပ်တည်သွားမယ့်အကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောဆိုလိုက်ပါတယ်။

မတ်လ ၁၁ ရက်နေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကကျင်းပတဲ့နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနားမှာ ဟီလာရီကလင်တန်က အခုလိုပြောဆိုသွားတာဖြစ်ပါတယ်။ ကျမတို့နဲ့အတူ လက်တွဲပါဝင်ခွင့်ကို အစိုးရတွေကပိတ်ပင်ထားလို့ ဒီအခမ်းအနားကိုရောက်မလာနိုင်တဲ့ အနှစ် ၂၀ အတွင်းမှာ နှစ်တွေတော်တော်များများ နေအိမ်အကျယ်ချုပ်အဖြစ် အထိန်းသိမ်းခံနေရပေမယ့် ကမ္ဘာ့ပြည်သူတွေအတွက် အင်အားနဲ့မျှော်လင့်ချက်အဖြစ် ဆက်ပြီးရပ်တည်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုဥပမာထားပြီး မြန်မာနိုင်ငံအတွင်းမှာ ယုံကြည်ချက်ကြောင့်အကျဉ်းချခံနေရသူ အခြားအမျိုးသမီးတွေ ပြည်ပကိုနှင်ထုတ်ခံရသူတွေနဲ့ စစ်တပ်ရဲ့လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံခဲ့ရသူတွေအတွက်လည်း အင်အားတရပ်ဖြစ်ခဲ့ပါတယ်လို့ ပြောဆိုသွားခဲ့ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း တိုးတက်မှုတွေကိုတိုင်းတာရာမှာ အမျိုးသမီးနဲ့မိန်းကလေးတွေရဲ့အဆင့်အတန်းကိုဘယ်လောက်အထိမြှင့်တင်ပေးနိုင်သလဲဆိုတာနဲ့ တိုင်းတာရမှာဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန် က ပြောဆိုပါတယ်။

အမျိုးသမီးတွေကိုတိုးတက်အောင်လုပ်မပေးနိုင်ဘဲ ကမ္ဘာ့လူဦးရေတဝက်လောက် တိုးတက်မှုတဝက်လောက်နောက်ကျကျန်ခဲ့မယ်ဆိုရင် ဒီနေ့နိုင်ငံတွေမှာရင်ဆိုင်နေရတဲ့စီးပွားရေးပြဿနာ၊ ရာသီဥတုပြောင်းလဲမှုတွေနဲ့ တော်မှုတ်ခေါင်းပါးမှုတွေကို အောင်အောင်မြင်မြင်တိုက်ဖျက်နိုင်မှာမဟုတ်ဘူးလို့လည်း ပြောဆိုသွားခဲ့ပါတယ်။

# မြန်မာနှင့် အင်ဒိုနီးရှားနှိုင်းယှဉ်ချက်

**ဦးအောင်ခင်**

ဗမာဝန်ကြီးချုပ်သိန်းစိန်ရဲ့ ပထမအကြိမ် အင်ဒိုနီးရှားခရီးကိုကြည့်ရင် မြန်မာနဲ့ အင်ဒိုနီးရှား ဘယ်လောက်ရင်းနှီးတယ်ဆိုတာကို သိနိုင်တယ်လို့ မတ်လ ၁၆ ရက်နေ့ထုတ် The Jakata Post သတင်းစာ ဆောင်းပါးမှာဖော်ပြတယ်။ အင်ဒိုနီးရှားကို ဗမာစစ်အုပ်စုက မိတ်ဆွေအဖြစ်သတ်မှတ်တာမို့ မြန်မာ့ဒီမိုကရေစီအရေးမှာ အင်ဒိုနီးရှားအစိုးရအနေနဲ့ ပြောပိုင်ခွင့်ရှိတယ်လို့ ဆိုတယ်။

အင်ဒိုနီးရှားသမတနဲ့ ဗမာဝန်ကြီးချုပ် တနင်္လာနေ့က ဂျာကာတာမှာ တွေ့တော့ ဗမာ့ဒီမိုကရေစီအရေးနဲ့ ရိုဟင်ဂျာကိစ္စကို အဓိကထားဆွေးနွေးတယ်လို့ မတ်လ ၁၇ ရက်နေ့ထုတ် The Jakata Post သတင်းစာမှာ ဖော်ပြပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းအားလုံးပါတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အရေးကြီးကြောင်း အင်ဒိုနီးရှားသမတက ပြောတယ်တဲ့။ အပြည်ပြည်ဆိုင်ရာက လက်ခံနိုင်လောက်တဲ့ အဆင့်အတန်းရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့လိုတယ်လို့လည်း ပြောတယ်။ အင်ဒိုနီးရှားမှာ သောင်တင်နေတဲ့ရိုဟင်ဂျာ ၄၀၀ ကိစ္စကိုလည်း ပူးတွဲဖြေရှင်းဖို့ သဘောတူတယ်။

အင်ဒိုနီးရှားကို အာဆီယံအဖွဲ့ဝင်ထဲမှာ အင်အားအကြီးဆုံးဒီမိုကရေစီနိုင်ငံလို့ သတ်မှတ်တာမို့ အင်ဒိုနီးရှားရဲ့သြဇာအရှိန်အဝါကို အလေးအနက်ထားကြတာများပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ကျွန်းကြီးကျွန်းငယ်ပေါင်း တသောင်းခုနှစ်ထောင်နဲ့ လူဦးရေ သန်း ၂၂၀ ရှိတယ်။

ဗမာစစ်အစိုးရအဆက်ဆက်က စံနမူနာထားတဲ့အာဆီယံနိုင်ငံဟာ အင်ဒိုနီးရှားဖြစ်တယ်၊ ဆူဟာတိုခေတ်ကတည်းက ဗမာဗိုလ်ချုပ်တွေနဲ့ အဆင်ပြေတယ်။ ရွေးကောက်ပွဲအနိုင်ရတဲ့အရပ်သားအစိုးရကို အာဏာလွှဲမပေးချင်တဲ့ ဗမာဗိုလ်ချုပ်တွေ ပုံတူကူးချဖို့ စိတ်ကူးခဲ့တဲ့စနစ်ဟာ ဆူဟာတိုအာဏာရှင်စနစ်ဖြစ်တယ်၊ သမတယောင်ဆောင်ပြီး နှစ်ပေါင်းများစွာ အာဏာရှင်လုပ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးဆူဟာတိုဟာ ဗမာဗိုလ်ချုပ်တွေရဲ့ စံပြသူရဲကောင်းပါ။

၁၉၉၅ ဇွန်လမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆူဟာတိုကို သွားရောက်ဂါရဝပြုပြီး ဆူဟာတိုကိုယ်တိုင် ၁၉၉၇ ဖေဖော်ဝါရီမှာ မြန်မာပြည်ကိုလာရောက်တဲ့အတွက် မြန်မာနဲ့ အင်ဒိုနီးရှားကို အသွင်တူတဲ့ နှစ်နိုင်ငံဖြစ်ကြောင်း ဗမာအစိုးရစာနယ်ဇင်းတွေက အမွှန်းတင်ခဲ့ကြတယ်။ အင်ဒိုနီးရှားအခြေခံဥပဒေကို အသေးစိတ်လေ့လာနိုင်အောင် မြန်မာဘာသာပြန်ထုတ်ဝေလိုက်သေးတယ်။

ဆူဟာတိုရဲ့ သားသမီးတွေ မြန်မာပြည်မှာ စီးပွားရေးလုပ်နိုင်အောင် အခွင့်ထူးပေးခဲ့တယ်။ ဒါပေမဲ့ ဆူဟာတိုအာဏာရှင်စနစ်ကို ဗမာဗိုလ်ချုပ်တွေ ပုံတူကူးချဖို့ကြိုးစားတုန်း အင်ဒိုနီးရှား လူထုအုံကြွမှုဖြစ်ပွားပြီး ဆူဟာတိုကို စစ်တပ်က မထောက်ခံတဲ့အတွက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးရတဲ့အခြေအနေကို ရောက်သွားတယ်။

စစ်တပ်အားကိုးနဲ့ ပြည်သူလူထုကို ဖိနှိပ်နေလို့ စီးပွားရေး၊ နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးပြဿနာတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ စစ်ခေါင်းဆောင်ပိုင်းယုံကြည်လာတာဟာ အာဏာရှင်စနစ်ရဲ့ နိဂုံးပါ။ နိုင်ငံရေးအရ အဖြေမရှာနိုင်ရင် ပြဿနာပိုကြီးမယ်လို့ အင်ဒိုနီးရှားစစ်တပ်က ယူဆတာကြောင့် အာဏာရှင်ဆူဟာတိုကို မထောက်ခံတော့တာပါ။ မကျေနပ်လို့ဆန္ဒပြနေတဲ့ပြည်သူလူထုကို ပစ်သတ်နေလို့ ပြဿနာပြေလည်မှာမဟုတ်ဘူးလို့ စစ်တပ်ကယုံကြည်လာတဲ့အတွက် အာဏာရှင်စနစ် နိဂုံးချုပ်ရတာပါ။

အခုတော့ အင်ဒိုနီးရှားနိုင်ငံဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်နေတာ ၉ နှစ် ရှိနေပါပြီ၊ တရားမျှတပြီး သာယာဝပြောတဲ့နိုင်ငံကို တည်ဆောက်နိုင်မယ့် အုပ်ချုပ်ရေးစနစ်ကို အခြေချနေပါပြီ၊ ဆူဟာတိုခေတ်ကို အင်ဒိုနီးရှား ကျော်လွန်သွားပါပြီ။

ဗမာဝန်ကြီးချုပ်ရဲ့ခရီးဟာ အင်ဒိုနီးရှားလွှတ်တော်ရွေးကောက်ပွဲ ၂၁ ရက်စည်းရုံးရေးကာလနဲ့ တိုက်ဆိုင်နေပါတယ်။ ဧပြီ ၉ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်းကြတာဖြစ်ပါတယ်။ နောက်ပြီး ဇူလိုင်လမှာ သမတရွေးကောက်ပွဲကျင်းပဦးမှာပါ။

ဆူဟာတိုခေတ်ကို အင်ဒိုနီးရှားစစ်တပ်က ကျော်လွန်သွားပြီဖြစ်ပေမဲ့ ဗမာစစ်ဗိုလ်တွေကတော့ ဆူဟာတိုစနစ်ထဲမှာ တဝဲလည်လည်နဲ့ ထွက်ပေါက်ရှာနေတုန်းပါပဲ။ ဆူဟာတိုစနစ်ဆိုတာ ဆူဟာတိုမိသားစုကိုဗဟိုပြုပြီး ကြိတ်ပိုင်းလုပ်ကိုယ်ကျိုးရှာတဲ့စနစ်ဖြစ်ပါတယ်။ အာဏာရှင်အသိုင်းအဝိုင်းနဲ့ အဆင်ပြေတဲ့ပုဂ္ဂိုလ်တွေကြီးပွားတဲ့ခေတ်ပါ။ လူတစုရဲ့ကိုယ်ကျိုးရှာကြိတ်ပိုင်းစနစ်ကို ဆူဟာတိုစနစ်လို့ ခေါ်ပါတယ်။

ဒီလိုစနစ်မျိုးဟာ တရားဥပဒေကို ဂရုမစိုက်ပဲ အဆက်အသွယ် အသိအကျွမ်းနဲ့ အာဏာပါဝါကိုသာ ဦးစားပေးတဲ့အကျင့်ပျက်စနစ်ဖြစ်ပါတယ်။ နေရာတကာ ဆူဟာတိုကသာ ဆုံးဖြတ်နေတာမို့ ပါလီမန်လွှတ်တော်ဆိုတာ အလကားပါပဲ။ ဗဟိုဘဏ်၊ တရားရုံး နဲ့ ရဲအဖွဲ့ဟာ အာဏာရှင်ခိုင်းတာကိုလုပ်နေတာမို့ အများအမှန်ကို သိနိုင်စွမ်းမရှိကြပါဘူး။ ဆူဟာတိုခေတ်နဲ့ အခုခေတ် မြန်မာပြည်ဟာ အလွန်တူတယ်၊ ကြပ်ပြေးသန်းရွှေဟာ ဗမာဆူဟာတိုပါ။

လက်ရှိအင်ဒိုနီးရှားသမတ ယူဒိုယိုနိုဟာ အမေရိကန်စစ်တက္ကသိုလ်က ဘွဲ့ရထားတဲ့ အငြိမ်းစားဗိုလ်ချုပ်ကြီးဖြစ်တယ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဆယ်တန်းအထိသာ ပညာသင်ဘူးတော့ ကျောင်းမှန်း ကန်မှန်း မသိဘူးပေါ့။ ယူဒိုယိုနိုဟာ ၁၉၉၁ မှာ တက္ကသိုလ်က မဟာဝိဇ္ဇာဘွဲ့ရတယ်၊ အင်ဒိုနီးရှား Bogor စိုက်ပျိုးရေးတက္ကသိုလ်က ၂၀၀၄ မှာ ပါရဂူဘွဲ့ရတယ်။

အမေရိကန်စစ်တက္ကသိုလ်တွေမှာ ပညာသင်ကြားခဲ့တဲ့ ပညာတတ် အင်ဒိုနီးရှားစစ်ဗိုလ်ဦးရေ သုံးထောင်ကျော်ရှိတာဟာ စစ်တပ်ပြုပြင်ရေးမှာ အရေးကြီးတယ်လို့ ပြောကြတယ်။ ဗမာစစ်ဗိုလ်ကတော့ ခိုးဖို့သာကြည့်နေတာမို့ ပြုပြင်ရေးဆိုတာ ဘာမှန်း ညာမှန်း မသိဘူး၊ အင်ဒိုနီးရှားမှာ ပညာတတ်စစ်ဗိုလ်အုပ်ချုပ်ပြီး မြန်မာပြည်မှာ သူခိုးစစ်ဗိုလ်က အုပ်ချုပ်တော့ သိပ်ကွာနေတာပေါ့။

ဆူဟာတိုခေတ်မှာ စစ်သား ငါးသိန်းကို တပြည်လုံးဖြန့်ထားပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးမှာ ချယ်လှယ်ပါတော့တယ်။ သန်းနဲ့ချီပြီးတိုးပွားလာတဲ့ အလုပ်သမားဦးရေကို ချုပ်ကိုင်ဖို့ကြိုးစားပေမဲ့ အလုပ်သမားသပိတ်ကို မတားနိုင်ပါဘူး။ ၁၉၉၅ မှာ အလုပ်သမားသပိတ် ၃၀၀ ကျော်ရှိပြီး ၁၉၉၆ မှာ ၉၀၀ ကျော် ရှိလာပါတယ်။ ဒီအလုပ်သမားတွေနဲ့ ကျောင်းသားတွေ ဆန္ဒပြချီတက်ပွဲမှာ ပါဝင်လာကြတာပဲ။

ကျောင်းသား အလုပ်သမားဆန္ဒပြပွဲကို အိမ်ရှင်မတွေက ထောက်ခံလာတယ်၊ ဝေါ်လို့လုပ်တဲ့ပြည်သူတွေကို စစ်သားတွေက စာနာထောက်ထားပြီး ကူညီလိုက်သေးတယ်၊ ဆူဟာတိုရဲ့ လက်ရွေးတပ်ဖွဲ့ကသာ ဆန္ဒပြသူတွေကို ပစ်တာပါ။

ကျောင်းသားတွေချည်းလုပ်နေလို့ အာဏာရှင်ပြုတ်မှာမဟုတ်ပါဘူး၊ အလုပ်သမားသမဂ္ဂနဲ့ တခြားအရပ်သားအဖွဲ့အစည်းတွေ တညီတညွတ်တည်း ပါဝင်လို့သာ အာဏာရှင်စနစ် နိဂုံးချုပ်သွားတာပါ။ အခုတော့ အမေရိကန်အခြေစိုက် Freedom House ရဲ့ ၂၀၀၉ ခုနှစ် လွတ်လပ်မှုစနစ်မှာ အင်ဒိုနီးရှားကို လွတ်လပ်မှုရှိတဲ့ တခုတည်းသော အာဆီယံနိုင်ငံအဖြစ် သတ်မှတ်ထားတယ်။

# အဖွဲ့ချုပ်အစည်းအဝေးတက်ရောက်သူများကို ဒေသခံအာဏာပိုင်က ခြိမ်းခြောက်

**DVB ၊ မတ်လ ၁၇ ။** ။ မနေ့က ဇီးကုန်းမြို့မှာလုပ်တဲ့ ပဲခူးတိုင်းအနောက်ခြမ်း မြို့နယ်ပေါင်းစုံအစည်းအဝေးကို တက်ရောက်လာတဲ့ ပေါင်းတည်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးစောမောင်ကို ဒေသခံရဲအဖွဲ့က ခေါ်ယူစစ်ဆေးခြိမ်းခြောက်တာတွေလုပ်ခဲ့တယ်လို့ မြို့နယ်စည်းအဖွဲ့ဝင် ဒေါ်ခင်ဝိုင်းက ပြောပါတယ်။

ဦးစောမောင် အပြန်မှာ ကားဂိတ်အနီးရှိ စားသောက်ဆိုင်ထဲကိုခေါ်ပြီး စစ်မေးမြန်းမှုတွေ ပြုလုပ်ခဲ့တာလို့ဆိုပါတယ်။ အခုလိုလုပ်ရပ်ဟာ စစ်အုပ်စုအနေနဲ့လူ့အခွင့်အရေးတွေကို လိုက်နာတယ်ဆိုပြီး ပိုမိုချိုးဖောက်နေတဲ့သဘောမျိုးတွေဖြစ်နေကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တရားဝင်အဖွဲ့အစည်းဖြစ်တဲ့အတွက် အာဏာပိုင်တွေအနေနဲ့ အစည်းအဝေးလုပ်စဉ်မှာ ကြည့်လိုကကြည့်ပြီး မေးလိုကဝင်မေးလို့ရကြောင်း ဒေါ်ခင်ဝိုင်းက ပြောပါတယ်။

"နိုင်ငံရေးရပ်တည်ချက်ကို ရိုးသားစွာလုပ်ကိုင်နေတဲ့ လူတွေကို သူတို့က ဒီလိုမျိုးကြီးလုပ်နေတယ်ဆိုတာ လက်နက်ကိုင်အဖွဲ့အစည်းဆိုပြီး တမင်သက်သက် လူတွေကို ခြိမ်းခြောက်နေတဲ့ သဘောမျိုးဖြစ်နေတယ်။"

မနေ့ကလုပ်တဲ့ မြို့နယ်ပေါင်းစုံအစည်းအဝေးမှာ သာယာဝတီ၊ လက်ပံတန်း၊ မိုးညို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပေါင်းတည် စတဲ့ မြို့နယ်တွေကအဖွဲ့ချုပ်ဝင် ၂၀ ကျော် တက်ရောက်ပြီး အဖွဲ့ချုပ်ရှေ့လုပ်ငန်းစဉ်တွေ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ဒီအစည်းအဝေးကနေ ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်တွေကို ဒေါ်ခင်ဝိုင်း က ပြောပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးပါရန် နအဖစစ်အုပ်စုကို တောင်းဆိုတိုက်တွန်းပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို လုံလောက်သောအချိန်ပေးပြီး အဖွဲ့ချုပ်ရုံးသို့ တပြိုင်တည်းဖိတ်ကြားကာ ဗဟိုအလုပ်အမှုဆောင်နှင့်တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ပါသည်။"

"၂၂ ရက် ၉ လ ၂၀၀၈ နှစ်က ထုတ်ပြန်သော အန်အဲလ်ဒီ၏ အထူးကြေညာချက် အမှတ် ၁၈ တွင် အခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး ကော်မတီတခုကို ဖ လအတွင်းဖွဲ့ပေးရန်၊ ရွေးချယ်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူပေးရန် တင်ပြအကြံပြုထားရာ နောက်တပတ်တွင် ဖ လ ပြည့်တော့မည်ဖြစ်သော်လည်း တစုံတရာထူးခြားမှုမရှိ၍ ကြေညာချက်ထုတ်ပြီး တောင်းဆိုခြင်းမျိုးမဟုတ်ပဲ ထိရောက်မှုနည်းလမ်းတခု ရှာဖွေပြီးပြတ်ပြတ်သားသားဆောင်ရွက်ရန် စီအီးစီသို့ တောင်းဆိုကြောင်း ဆုံးဖြတ်ပါသည်။"

"နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ၏ လယ်ယာများကို ထိုက်သင့်သည့် လျော်ကြေးမပေးပဲသိမ်းယူခြင်းကို ကန့်ကွက်ကြောင်းဆုံးဖြတ်သည်။"

"နိုင်ငံတခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓါတ်အားပုံမှန် ရရှိရေးသည် အဓိကဖြစ်ပါ၍ လျှပ်စစ်ဓါတ်အားပုံမှန်ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်တောင်းဆိုကြောင်းဆုံးဖြတ်သည်။"

# အဖွဲ့ချုပ်ကို အာဏာများပိုင် ဖိအားပေး

**DVB ၊ မတ်လ ၁၅ ။** ။ ရန်ကုန်တိုင်း သံလျင်မြို့နယ် အေးချမ်း သာယာရေးကောင်စီဥက္ကဋ္ဌက မနက်ဖန်ကျင်းပမယ့် မြို့နယ်ပုံမှန်လပတ်အစည်းအဝေးကို ရက်ရွှေ့ဆိုင်းဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သံလျင်မြို့နယ် ဒု–ဥက္ကဋ္ဌ ဒေါ်အေးသန်းကို ဒီနေ့ခေါ်ပြောပါတယ်။

မြို့နယ်ပုံမှန်လပတ်အစည်းအဝေးကို တိုင်းက လာတက်မယ်ဆိုရင် မယကဥက္ကဋ္ဌအနေနဲ့လည်း အထက်ကို ပြန်အစီရင်ခံမှာဖြစ်တဲ့အတွက် အစည်းအဝေးပွဲကို ရက်ရွှေ့ပေးပါလို့ ဒေါ်အေးသန်းကို မယကဥက္ကဋ္ဌက ခေါ်ပြောတာပါ။

အစည်းအဝေးကို မရွှေ့ဆိုင်းပေးနိုင်ရင် တိုင်းတာဝန်ရှိသူတွေကို မလာအောင်တားပေးဖို့ မယကဥက္ကဋ္ဌရဲ့ ထပ်မံတောင်းဆိုတာကိုလည်း တိုင်းက အခြေအနေအရ မြို့နယ်တွေကို ဆင်းသင့်တဲ့အချိန် ဆင်းတာဖြစ်တာကြောင့် မနက်ဖြန်ပွဲကိုမလာအောင်တားဖို့ဆိုတာလည်း မလွယ်ဘူးဆိုပြီး ငြင်းပယ်ခဲ့တယ်လို့ ဒေါ်အေးသန်းက ပြောပါတယ်။

အခုလို တရားဝင်နိုင်ငံရေးပါတီတရပ်ရဲ့ ပါတီတွင်းတွေ့ဆုံပွဲတွေကို ခေါ်ယူတားမြစ်တဲ့လုပ်ရပ်ဟာ တရားဥပဒေနဲ့ မညီဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ဝေဖန်ပါတယ်။

"ကျနော်တို့ ၂၀၁၀ ရွေးကောက်ပွဲအတွက် မျှတမယ်၊ လွတ်လပ်မယ်လို့ပြောပေမယ့်လို့ ဒီမိုကရေစီနဲ့ပတ်သက်ပြီးတော့ လုံးဝဥဿုံ အစိုးရမှာ အခဆင်သင့်မရှိဘူး။ အောက်ခြေမှာရှိတဲ့ အဖွဲ့အစည်းတွေ 'မယက' လို အဖွဲ့အစည်းတွေကလည်း ကိုယ့်ဆီမှာ ဒီအာဏာရှိမရှိ မသိဘူးဗျ။ အာဏာရှိမှန်းမသိဘဲနဲ့ တားမြစ်တာတို့၊ ကန့်သတ်တာတို့လုပ်တယ်။ အဲဒီ လုပ်ဆောင်ချက်အားလုံးက တရားဥပဒေနဲ့မညီဘူးလို့ မှတ်ချက်ပြုချင်တယ်။"

# လူ့ရှင်တော်ဇာဂနာ ထောင်ထဲတွင် ခဲဆိပ်သင့်ဝေဒနာခံနေရ

**NEJ ၊ မတ်လ ၁၉ ။** ။ မြစ်ကြီးနားထောင်တွင်နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် သရုပ်ဆောင်ဒါရိုက်တာ မောင်သူရ ခေါ် လူ့ရှင်တော်ဇာဂနာသည် ထောင်တွင်း၌ခဲဓါတ်ပါသည့်ရေကို သောက်သုံးနေရပြီး ခဲဆိပ်သင့်ဝေဒနာခံစားနေရကြောင်း မတ်လ ၁၁ ရက်က ထောင်ဝင်စာသွားတွေ့သည့် ခယ်မ မငြိမ်းကပြောဆိုသည်ဟု မိသားစုဝင်တဦးကပြောပါသည်။

၎င်းက"မငြိမ်းကမြစ်ကြီးနားကို ၁၁ ရက်နေ့မှာသွားတယ်၊ ၁၁ ရက်နေ့မှာဘဲထောင်ဝင်စာတွေ့ခွင့်ရတယ်။ ယူသွားတဲ့ဂျာနယ်တွေ၊ စာအုပ်စာတမ်းတွေကိုလည်းပေးခွင့်ရတယ်။ အသားမည်းလာတာကလွဲရင် ကိုသူရ ကျန်းမာရေးကောင်းတယ်။ ဒါပေမယ့် ထောင်ထဲမှာ ခဲဓါတ်ပါတဲ့ရေကို နေ့စဉ်သောက်နေရတော့ ခဲဆိပ်သင့်တဲ့ဝေဒနာတမျိုးခံစားနေရတယ်လို့ ကိုသူရကပြောတာ မငြိမ်းကပြန်ပြောတယ်"ဟုပြောပါသည်။

၎င်းတို့မိသားစုဝင်များအနေဖြင့် ခဲဓါတ်ပါသည့်ရေကိုသောက်သုံးပြီးနောက်ဖြစ်သည့် ခဲဆိပ်သင့်ဝေဒနာဆိုသည်ကို သိပ်နားမလည်ကြောင်း၊ ထို့ကြောင့် ကိုသူရအား မည်သို့လုပ်ကိုင်ပေးရမည်ဆိုသည်ကို နားလည်သည့်ဆရာဝန်ကြီးများကို ပြောပြအကူအညီတောင်းထားကြောင်းလည်း ပြောပါသည်။ နှစ်ရှည်ထောင်ဒဏ်ကျခံရပြီး မကြာသေးခင်ကမှ မြစ်ကြီးနားထောင်က ပြန်လွတ်လာသည့် ဒေါက်တာဇော်မြင့်မောင်သည်လည်း အဆိုပါခဲဓါတ်ပါသည့်ရေကို နှစ်ပေါင်းများစွာ သောက်သုံးခဲ့၍ ကျန်းမာရေးထိခိုက်ခဲ့ရကြောင်း သိရပါသည်။

မြစ်ကြီးနားထောင်တွင် ထောင်ကျနေသည့် ကိုသူရကို အကိုဖြစ်သူ ကိုတေဇ က ပြီးခဲ့သည့်မတ်လ ၃ ရက်က ထောင်ဝင်စာသွားတွေ့ခဲ့သော်လည်း တွေ့ခွင့်မရကြောင်း၊ အကျဉ်းထောင်အာဏာပိုင်များက ကိုသူရ သည် အမှတ် ၅၄ ရှမ်းကုန်းလမ်း၊ စမ်းချောင်းတွင်နေထိုင်သူဖြစ်ပြီး အဆိုပါနေအိမ်၌ ဖမ်းဆီးခဲ့၍ ယင်းနေအိမ် အိမ်ထောင်စုဇယားပါ မိသားစုဝင်မှသာတွေ့ဆုံခွင့်ရမည့်အကြောင်း ပြော သည်ဟုသိရပါသည်။

ယခုအချိန်၌ ကိုသူရ၏မိခင်ကြီးဒေါ်ကြည်ဦး အသည်းအသန်မကျန်းမမာဖြစ်နေပြီး ဆေးရုံမှအိမ်သို့ပြန်လည်ခေါ်ထားရသည့်အတွက် မိခင်ကြီး၏ကျန်းမာရေးနောက်ဆုံးအချိန်ကို ကိုသူရနှင့်တွေ့ခွင့်ရရန် သက်ဆိုင်ရာအာဏာပိုင်များထံ

**စာမျက်နှာ ၁၂ သို့**

# ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကိုလေ့လာခြင်း

**ကျော်ကျော်စိုး**

၁၉၇၀ ခုနှစ်တွေတုန်းက ဒီမိုကရေစီကျတဲ့နိုင်ငံရေးစနစ်ကို ထူထောင်ဖို့ဆိုပြီး စပိန်၊ ပေါ်တူဂီ၊ ဂရိ စတဲ့နိုင်ငံတွေမှာ လူထုလှုပ်ရှားမှုတွေ ဖြစ်ပွားခဲ့တယ်။ အဲဒီတုန်းက အုပ်ချုပ်နေတဲ့အာဏာရှင်တွေကို ပြည်သူတွေရဲ့စိမ်ခေါ်မှုပဲဖြစ်ပါတယ်။ ဒါကို နိုင်ငံရေးသုတေသီတွေက ကမ္ဘာကြီးမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့ တတိယလှိုင်း လို့ အမည်ပေးခဲ့ကြတယ်။ အဲဒီလှိုင်းကြီးဟာ ၁၉၈၀ ခုနှစ်တွေမှာ အရှိန်အဟုန်ရော၊ အရွယ်အစားရော ကြီးမားလာခဲ့တယ်။ တောင်အမေရိကနဲ့ ဗဟိုအမေရိကနိုင်ငံတွေမှာ စစ်အာဏာရှင်စနစ်ကို လဲပြိုစေခဲ့တယ်။ ပြည်တွင်းစစ်တွေကို အဆုံးသတ်စေခဲ့တယ်။ အဲဒီနေရာတွေမှာ ဒီမိုကရေစီက အစားထိုးဝင်ရောက်ခဲ့တယ်။ နောက်တခါ ၁၉၈၀ ခုနှစ်တွေရဲ့ အနှောင်းပိုင်းကာလတွေမှာ အရှေ့ဥရောပမှာ ကွန်မြူနစ်စနစ် ယိုင်နဲ့ပြိုလဲခဲ့တယ်။ ဆိုဗီယက် ယူနီယံဆိုရင်လည်း ၁၉၉၁ ခုနှစ်မှာ ပြိုလဲသွားခဲ့တယ်။ ကမ္ဘာပေါ်မှာ ဝါဒကြီးနှစ်ခု အားပြိုင်နေတာတွေအဆုံးသတ်သွားပြီး ဒီမိုကရေစီအစိုးရထူထောင်ရေး ဆိုတဲ့အသံတွေဟာ ပဲ့တင်ထပ်သွားတယ်။ ဒါကြောင့် ၁၉၉၀ ခုနှစ်တွေကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့ ရွှေခေတ် လို့ခေါ်ရင်လည်း မမှားပါဘူး။

အားလုံးသိကြတဲ့အတိုင်း နိုင်ငံတကာအရေးအခင်းတွေ၊ အဖြစ်အပျက်တွေမှာ အမေရိကန်ပြည်ထောင်စုရဲ့အရှိန်အဝါနဲ့ဩဇာ၊ အမေရိကန်ပြည် ထောင်စုရဲ့ တိုးတက်မှု ဆုတ်ယုတ်မှု၊ အမေရိကန်အစိုးရရဲ့ သဘောထားနဲ့ ရပ်တည်ချက် အပြောင်းအလဲတွေဟာ ကမ္ဘာ့နိုင်ငံရေး နဲ့ စီးပွားရေးဇာတ်ခုံတွေမှာ အပြောင်းအလဲဖြစ်လေ့ရှိပါတယ်။ အဲဒီလိုအပြောင်းအလဲက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ပါ။ နယူးယောက်၊ ဝါရှင်တန် တို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုပဲဖြစ်ပါတယ်။

ဒီတော့ အမေရိကန်သမတဘုရှ်ဟာ သူ သမတစဖြစ်ခါစမှာ ကမ္ဘာပေါ်မှာ ဒီမိုကရေစီ နဲ့ လွတ်လပ်ခွင့်တွေအတွက် တက်တက်ကြွကြွနဲ့ လုပ်ဆောင်နေခဲ့ရာကနေ အကြမ်းဖက်ဝါဒ နှိမ်နင်းရေးကို ဦးစားပေးလုပ်ဆောင်တဲ့ နိုင်ငံရေးလမ်းစဉ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။ ဒီတော့ ၂၁ ရာစုဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မျက်နှာသာပေးတယ်လို့ ပြောဖို့ခက်လာတဲ့အခြေဆိုက်လာခဲ့တယ်။ ဥပမာအနေနဲ့ ကြည့်ရင် တခါတုန်းက ဒီမိုကရေစီအတွက် လုံခြုံစိတ်ချရတဲ့အခြေအနေမှာရှိတယ်လို့ စိတ်ချလက်ချထားခဲ့တဲ့ နိုင်ငံတွေဖြစ်တဲ့ ဗင်နီဇွဲလား၊ ထိုင်း၊ ရုရှား နိုင်ငံတွေမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လျှောက်လှမ်းနေရင်း နောက်ပြန်ဆွဲပြီး အာဏာရှင်ဆန်ဆန်ကျင့်သုံးတဲ့အစိုးရတွေ ပေါ်ထွန်းလာခဲ့တယ်။ ဗင်နီဇွဲလားက ဟူးဂိုးဆန်းချေ့ဇ်၊ ထိုင်းက တပ်ခ်စင် ရှိနာဝပ်၊ ရုရှားက ဗလာဒီမာပူတင် တို့ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဒိုင်းကို အကာအကွယ်ယူပြီး အာဏာရှင်ဆန်တဲ့လုပ်ရပ်တွေကို လုပ်လာခဲ့တာကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

ဒီမိုကရေစီကို ဖော်ဆောင်ဖို့ခြေလှမ်းတွေချနေပါတယ်ဆိုတဲ့ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတွေမှာရော ဘယ်လိုဖြစ်နေကြသလဲ၊ ဘာသာရေးကိုဦးစားပေးပြီး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ရာထောင်ချီကတည်းက ကျယ်ပြန့်လာခဲ့တဲ့ အယူအဆရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ယနေ့ခေတ်သစ်ကာလကို ချီတက်နေသလား။ ဒါမှမဟုတ် ဘာသာရေးကို အကြောင်းပြပြီး လက်ရှိအာဏာချုပ်ကိုင်ထားတဲ့သူတွေက လူထုအပေါ် အသာစီးယူထားနေကြသလား။ အာဖရိကနိုင်ငံအများစု၊ အရင်တုန်းက ဆိုဗီယက်ယူနီယံအင်ပါယာကြီးထဲမှာနေခဲ့တဲ့ ၂၀ ရာစုနှောင်းမှာ နိုင်ငံသစ်ထူထောင်ခဲ့ကြတဲ့ အုပ်စုကရော ဘယ်လိုအခြေအနေရှိနေသလဲဆိုတာတွေကိုလည်း တစေ့တစောင်းကြည့်ဖို့လိုအပ်ပါတယ်။

ကိုယ်ကျိုးရှာ အကျင့်ပျက်လာဘ်စားမှုတွေဟာ ထမင်းစားရေသောက်တဲ့ကိစ္စလိုပဲ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေတယ်၊ ဒီမိုကရေစီကို အသွင်ကူးပြောင်းတဲ့ကာလထဲမှာ လူမှုအသိုင်းအဝိုင်းအတွင်း ယိုယွင်းပျက်စီးလာမှုတွေ (လွတ်လပ်မှုဆိုတဲ့အဓိပ္ပာယ်နဲ့ သဘောတရားကို မှန်မှန်ကန်ကန်နားလည်ကျင့်သုံးနိုင်ခြင်း မရှိလို့) ဟာ ခါးသီးတဲ့အတွေ့အကြုံတွေလို့ ရှုမြင်သုံးသပ်မှုတွေလည်း ဖြစ်လာခဲ့တယ်။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ကူးပြောင်းတဲ့အခါ မတည်ငြိမ်တဲ့ အတွေ့အကြုံတွေကို အင်ဒိုနီးရှား၊ နိုက်ဂျီးရီးယားတို့မှာ ရင်ဆိုင်နေခဲ့ကြရတယ်။

တခါ ဒီမိုကရေစီကို စုစည်းကျစ်လစ်စွာနဲ့ တည်ဆောက်နိုင်ဖို့အတွက်ပါဆိုတဲ့ ဟစ်ကြွေးတဲ့အသံနဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်မှာ လက်တွေ့ကျင့်သုံးဖို့ကြိုးပမ်းချက်တွေဟာ ဆယ်စုနှစ်တခုရဲ့ထက်ဝက်ကို ကျော်လွန်လာခဲ့ပေမဲ့လည်း ယိုင်နဲ့နဲ့ဖြစ်နေတုန်းပါပဲ။ ဒီတော့ ဒီလိုကြွေးကြော်သံကို ဟစ်ကြွေးခဲ့တဲ့ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာ့ဒီမိုကရေစီရဲ့ ရှေ့ဆောင်ရှေ့ရွက်နိုင်ငံအဖြစ်နဲ့ ရပ်တည်နေတဲ့အပေါ် သံသယဖြစ်တာတွေ အထူးသဖြင့် အမေရိကန်ကို မကျေနပ်တဲ့ အာဏာရှင်နိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာနေပါတယ်။ တခါ ဒီမိုကရေစီကိုယ်တိုင်က လူမှုဘဝတည်ငြိမ်ရေးအတွက် တကယ်ရောလုပ်ပေးနိုင်လို့လားဆိုတဲ့ သံသယနဲ့ စောကြောမှုတွေလည်း ဖြစ်လာခဲ့တယ်။

ဒီလိုဖြစ်ရတာတွေကို သုံးသပ်ကြည့်မယ်ဆိုရင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အားအင်နည်းပြီး လျော့တိလျော့ရဲဖြစ်လာတာနဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးလှုပ်ရှားမှုထဲမှာ အတွေးအခေါ်သစ် အယူအဆသစ် နည်းလမ်းသစ်တွေ နည်းပါးလာတာက ကိုယ်တိုင်ပြဿနာဖြစ်လာနေပါတယ်။ တခါ ကမ္ဘာ့နိုင်ငံအတော်များများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုက လောင်စာနဲ့ စွမ်းအင် လိုအပ်ချက်ကို ကြီးမားလာစေခဲ့တယ်၊ ဒီလိုအပ်ချက်ဟာ ကိုယ့်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုဖြည့်ဆည်းပေးနိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်ကိုပါ မွေးဖွားလာစေခဲ့တယ်။ အဲဒါက ကိုယ်ကျိုးစီးပွားကို ဦးစားပေးတဲ့အယူအဆတရပ်ကို ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်ထဲကို ရောက်အောင်ပို့ဆောင်ပေးခဲ့သလိုဖြစ်ခဲ့တယ်။ ဒီလိုစဉ်းစားတွေးခေါ်တာက စီးပွားရေးနဲ့ လူမှုဘဝ အပြောင်းအလဲက နိုင်ငံရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ ဆက်စပ်တွေးတောကြည့်နိုင်ဖို့ဖြစ်ပါတယ်။

ဒီလိုအချက်တွေကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ ယိုင်နဲ့လာတယ်လို့ ပြောလို့မရပါဘူး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့အခြေခံလုပ်ငန်းဆောင်တာတွေကို ဘယ်လောက်အတိုင်းအတာအထိ ခိုင်ခိုင်မာမာအကောင်အထည်ဖော်နိုင်ပြီလဲဆိုတာလည်း ကြည့်ဖို့လိုပါတယ်။ စံချိန်စံနှုန်းမီတဲ့ ရွေးကောက်ပွဲတွေဖြစ်ပေါ်လာဖို့ လိုအပ်တဲ့ပံ့ပိုးမှု၊ စောင့်ကြပ်ကြည့်ရှုမှု၊ နိုင်ငံရေးပါတီတွေအတွင်းမှာ လေ့ကျင့်သင်ကြားပေးမှု၊ ဥပဒေတွေ ပြုပြင်ပြောင်းလဲရေး၊ ဥပဒေပြုဆိုင်ရာနည်းလမ်းတွေ၊ ဥပဒေပြုဆိုင်ရာ အဖွဲ့အစည်းတွေဖွံ့ဖြိုးတိုးတက်ရေး၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု၊ နယ်ပယ်အသီးသီးရဲ့စီမံခန့်ခွဲမှု၊ လူမှုလူ့အဖွဲ့အစည်းတွေအင်အားကောင်းလာစေရေးအတွက် ပံ့ပိုးပေးမှု၊ လွတ်လပ်တဲ့သတင်းမီဒီယာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းရေးကို အားပေးမှု စတာတွေကို ဘယ်လောက်များလုပ်ဆောင်နိုင်သလဲဆိုတာကိုပါ ထည့်သွင်းလေ့လာကြည့်ဖို့လိုပါမယ်။ အဲဒါတွေကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် တန်ဆာပလာကိရိယာလို့ ပြောနိုင်ပါတယ်။

အဲဒီတန်ဆာပလာကိရိယာတွေကို သူ့နေရာနဲ့သူ စီရရီထားနိုင်တာ၊ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်အောင် အသုံးချနိုင်တာဟာ ဒီမို ကရေစီပြုပြင်ပြောင်းလဲရေးကို အားကောင်းစေပါတယ်။ ဒီလိုမလုပ်နိုင်လို့ ယိုင်ယိုင် နဲ့နဲ့ လျှောက်နေရတဲ့နိုင်ငံတွေ၊ နောက်ပြန်ဆွဲနေတဲ့နိုင်ငံတွေ ကမ္ဘာပေါ်မှာ သိသိသာသာမြင်နိုင်ပါတယ်၊ ဥပမာ အာဖရိကက ဆိုမာလီမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အောင်အောင်မြင်မြင်မလုပ်နိုင်သေးလူး၊ ဒီလိုပဲ ကွန်ဂို (အရင်တုန်းက ဇိုင်ယာ)မှာလည်း ပြည်တွင်းစစ်မီးက မငြိမ်းနိုင်သေးဘူး၊ အီဂျစ်နဲ့ ဆိုဗီယက်ယူနီယံနိုင်ငံဟောင်းဖြစ်တဲ့ ဥဇဘက်ကစ္စတန်မှာလည်း အားကောင်းလှတဲ့အာဏာရှင်အစိုးရတွေ ခိုင်ခိုင်မာမာ ရပ်တည်နေဆဲပါ။

ဒီလိုဖြစ်ရတဲ့အကြောင်းရင်းတွေကို ကြည့်လိုက်တဲ့အခါ ဘာကိုတွေ့ရသလဲဆိုတော့ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းမှုနဲ့ ထွက်ပေါ်လာတဲ့ရလဒ်တွေကြားက အကြောင်းနဲ့အကျိုးဆက်စပ်မှုကို ခိုင်ခိုင်မာမာနဲ့ နားလည်သဘောပေါက်နိုင်တဲ့ အားနည်းလို့ဆိုတာကို တွေ့နိုင်ပါတယ်။

ဒီတော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် နည်းဗျူဟာသစ်လိုအပ်နေပြီလို့ ဆိုရမယ့်အနေအထားရောက်နေပြီ။ သေချာတာက နိုင်ငံတိုင်းကို

# နိုင်ငံရေးလှုပ်ရှားသူတွေကို လွှတ်ပေးဖို့ ပြောနေချိန်မှာ ဖမ်းဆီးတာတွေတိုးမြှင့်

**VOA ၊ မတ်လ ၁၆ ။** ။ ဖမ်းဆီးထားတဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကိုပြန်လွှတ်ပေးဖို့ အတိုက်အခံနိုင်ငံရေးလှုပ်ရှားသူတွေကို ဖိနှိပ်တာတွေမလုပ်ဖို့ တိုက်တွန်းတောင်းဆိုသံတွေကြားကဘဲ အာဏာပိုင်တွေဘက်က ဖမ်းဆီးတာတွေကို ဒီရက်ပိုင်းအတွင်းမှာဆက်တိုက်ဆိုသလို လုပ်ဆောင်နေဆဲပါ။

မနေ့ကဆိုရင်လည်း အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျန်းမာရေးယိုယွင်းနေသူတဦးကိုပါ အကျိုးအကြောင်းဘာမှန်းမသိရဘဲ နေအိမ်မှာလာရောက်ဖမ်းဆီးသွားခဲ့တာပါ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ဖမ်းဆီးထားတဲ့နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို လွှတ်ပေးဖို့ပြောဆိုနေချိန်မှာ ပြန်လွှတ်ပေးဖို့ထက် နောက်ထပ်ဖမ်းဆီးတာတွေကိုလည်း ဆက်လုပ်နေတာပါ။ ဒီရက်ပိုင်းမှာဆိုရင်လည်း ဆက်တိုက်ဆိုသလို အဖမ်းအဆီးတွေလုပ်လာတဲ့နေရာမှာ အများစုဟာ အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ NLD ပါတီဝင်တွေပါ။ ဒီအထဲကမှ အခုနောက်ဆုံး ဖမ်းဆီးခံခဲ့ရသူ NLD ပါတီဝင်တဦးဖြစ်တဲ့ ဒဂုံမြို့နယ်က ဦးကြည်လွင်ဆိုရင်လည်း ကျန်းမာရေးချို့တဲ့ပြီး လေဖြတ်နေတဲ့ကြားက အာဏာပိုင်တွေကလာဖမ်းသွားတာလို့ မိသားစုဝင်တွေကအကြောင်းကြားခဲ့လို့ NLD က သိရတဲ့အကြောင်း ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

"တောင်ဒဂုံကအဖွဲ့ဝင်တယောက်ဖြစ်တဲ့ ဦးကြည်လွင်မနေ့ညက အဖမ်းခံရပါတယ်။ ဒီမတိုင်ခင်ကလည်း ဖမ်းတာက ဒေါ်စန်းစန်းမြင့် ခေါ် မချို NLDကပါဘဲ။ သူတို့တွေသွားလာလှုပ်ရှားနေတာ ကျနော်တို့မျက်စိရှေ့မှာတော့ဘာမှ ပြဿနာမရှိဘူး။ ဒါပေမဲ့ ဘယ်အပေါ်မူတည်ပြီးဖမ်းသလဲဆိုတာ ကျနော်တို့မသိပါဘူး။"

ဟုတ်ကဲ့အဲန်ကယ်လ်၊ ဒါဆို အခုဒီနောက်ဆုံးအဖမ်းခံရတဲ့ဦးကြည်လွင်ကျတော့ သူကဘာလုပ်ငန်းတွေလက်တလောလုပ်နေတာရှိပါသလဲ…

"သူက တချိန်တုန်းက ဟိုတုန်းကလည်းအဖမ်းခံရဘူးတယ်ဗျ။ အဲန်အယ်ဒီမှာတက်တက်ကြွကြွဆောင်ရွက်တဲ့ပုဂ္ဂိုလ်၊ ဒါပေမယ့် လောလောဆယ်မှာ ဒီလူက လေဖြတ်နေတယ်ဗျ။ အဲဒီအခြေအနေကြီးကို ဖမ်းသွားတာ၊ အဲဒီမှာ မနေ့ညကတာ နာရီခွဲ ဒီကနေ့မနက် တနာရီခွဲပြောရင်ရတာပေါ့။"

စောစောကပြောတဲ့ မချိုကျတော့ရော သူ့ကို ဘယ်လိုဖမ်းဆီးသွားတာပါလဲ…

"မချိုက သောကြာနေ့က ဒီရုံးကနေ အိမ်အပြန် လမ်းထဲမှာဖမ်းတယ်။ ဘယ်မှာဖမ်းလဲတော့မသိဘူး၊ နောက်ပိုင်းမှရဲက သူနဲ့အတူနေတဲ့ တူမလေးကိုလာအကြောင်းကြားတယ်။ အဝတ်အစားလာယူတယ်၊ အဲဒါကြောင့် သိရတာ။" NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းဖြစ်ပါတယ်။

အခုဖမ်းဆီးခံခဲ့ရတဲ့ဦးကြည်လွင် NLD ပါတီလူမှုအထောက်အကူပြုအဖွဲ့မှာ လူမှုရေးလုပ်ငန်းတွေကူညီလုပ်ကိုင်ပေးနေတဲ့ ဒေါ်စန်းစန်းမြင့် ခေါ် မချို တို့မတိုင်ခင်မှာတုန်းကလည်း သာကေတမြို့နယ်က NLD အဖွဲ့ဝင် ကိုသိန်းလွင်တို့ဖမ်းဆီးခံခဲ့ရသလို ဒီလဆန်းပိုင်းမှာလည်း နောက်ထပ် NLD ပါတီဝင်တွေဖြစ်ကြတဲ့ စမ်းချောင်းမြို့နယ်က ဦးစိန်လှိုင် နဲ့ လှိုင်မြို့နယ်က ကိုရွှေဂျိုးတို့ကိုလည်း အာဏာပိုင်တွေကဖမ်းဆီးခဲ့တာပါ။

အခုအချိန်အထိကတော့ ဖမ်းဆီးခံရသူတွေကို မိသားစုဝင်တွေအနေနဲ့ တွေ့ဆုံခွင့်မရကြသလို ဘယ်လိုအကြောင်းတွေနဲ့ အခုလိုဖမ်းဆီးခဲ့တယ်ဆိုတာတွေကိုလည်း မသိရဘူးလို့ NLD ပါတီကပြောပါတယ်။ တကယ်တော့ လူ့အခွင့်အရေးအခြေအနေတွေတိုးတက်ဖို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက တိုက်တွန်းမှုတွေရှိနေတဲ့ကြားထဲကဘဲ အခုလိုတက်ကြွလှုပ်ရှားသူတွေကို ဖမ်းဆီးမှုတွေ၊ ဖိနှိပ်မှုတွေရှိနေတဲ့အတွက် မြန်မာစစ်အစိုးရအပေါ် ဝေဖန်မှုတွေကလည်းရှိနေဆဲပါ။

# ထိုင်း–မြန်မာ စစ်ဖြစ်လျှင် ထိုင်းဘက်က အမေရိကန်ဝင်တိုက်ဘို့များ

**NEJ ၊ မတ်လ ၂၀ ။** ။ အမေရိကန်အစိုးရသည် ထိုင်းနိုင်ငံ၏စစ်ရေးမဟာမိတ်ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံနှင့်ဖြစ်နေသည့်ပြဿနာများအပေါ် စိတ်ဝင်စားမှုအပြည့်ရှိသကဲ့သို့ ထိုင်း–မြန်မာနယ်စပ်တွင်စစ်ပွဲများဖြစ်လာပြီဆိုပါက ၁၉၅၄ ခုနှစ်၊ မနီလာစာချုပ်အရ အမေရိကန်အစိုးရ၏တာဝန်ရှိမှုအပေါ် မေးခွန်းထုတ်စရာဖြစ်လာနိုင်သည်ဟု အမေရိကန်ကွန်ဂရက်ကိုတင်သွင်းသည့် အစီရင်ခံစာတစောင်တွင် ထောက်ပြထားပါသည်။

ခေတ်ပြိုင်မှုဖတ်ရှုခွင့်ရသည့် ၂၀၀၀ ပြည့်နှစ် ဖွန်လရက်စွဲဖြင့် သမတဘီလ်ကလင်တန်လက်ထက် အမေရိကန်ကွန်ဂရက်သို့တင်သွင်းသည့် အမေရိကန် ထိုင်းဆက်ဆံရေးအစီရင်ခံစာတွင် ယင်းသို့ဖော်ပြထားခြင်းဖြစ်ပါသည်။ အမေရိကန်နှင့် ထိုင်းသည် အရှေ့တောင်အာရှစုပေါင်းကာကွယ်ရေးစာချုပ် (၁၉၅၄ ခုနှစ်၊ မနီလာ သဘောတူညီချက်) အရ စစ်ရေးမဟာမိတ်နိုင်ငံများဖြစ်ပြီး တနှစ်ကို ပူးတွဲစစ်ရေးလေ့ကျင့်မှု ၃၀ ခန့်လုပ်ကိုင်သည်ဟုဖော်ပြထားပါသည်။ ပင်လယ်ကွေ့စစ်ပွဲကာလ၌ အမေရိကန်တပ်များကို ထိုင်းစစ်ရေးအခြေစိုက်စခန်းများသုံးခွင့်ပေးခဲ့သည့်အပြင် အခြားကိစ္စများ၌လည်း ထိုင်းကအမေရိကန်နှင့်ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း အသေးစိတ်ဖော်ပြထားပါသည်။

ထိုအစီရင်ခံစာတွင် ထိုင်း–မြန်မာဆက်ဆံရေး အပူအထစ်ဖြစ်ရခြင်းကို အသေးစိတ်သုံးသပ်ထားပါသည်။ မြန်မာသည်ရှေးနှစ်ပေါင်းများစွာကတည်းက ရန်သူဖြစ်နေသည့်အားလျော်စွာ မြန်မာနှင့်စစ်ဖြစ်မည်ကို ထိုင်းနိုင်ငံက သတိထားနေသည်။ သို့သော် မြန်မာနှင့်ဆက်ဆံရာတွင် ထိုင်းကအပြုသဘောဆောင်သည့် ဆက်ဆံရေးကိုလက်ကိုင်ထားသည်။ ထိုင်းအရာရှိများသည် နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်ပြီး ၂၀၀၅ ခု သို့မဟုတ် ၂၀၁၀ ခုပြည့်နှစ်အထိ မည်သည့်အိမ်နီးချင်းနိုင်ငံနှင့်မျှ အဓိကစစ်ပွဲကြီးများဖြစ်ရန်မရှိဟု မှန်းထားသော်လည်း အင်အားမကြီးသည့်တိုင် မြန်မာနှင့်ဖြစ်မည့်ပြဿနာများကို စိုးရိမ်မကင်းဖြစ်နေသည်ဟု ဝေဖန်ထားပါသည်။

**စာမျက်နှာ ၁၉ သို့**

# ဒေါ်စု အယူခံကြားနာပေးရန် တောင်းဆို

**DVB ၊ မတ်လ ၁၇ ။** ။ ဒေါ်အောင်ဆန်းစုကြည်အတွက် အထူးတင်သွင်းထားတဲ့အယူခံကို ကြားနာစစ်ဆေးပေးဖို့ အာဏာပိုင်တွေထံ ထပ်မံတောင်းဆို လိုက်တယ်လို့ သူ့ရဲ့ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။

နေပြည်တော်ရှိ အစိုးရအဖွဲ့ထံ ပြီးခဲ့တဲ့ သောကြာနေ့က စာရေးတောင်းဆိုလိုက်တာလို့ ဆိုပါတယ်။ ဒီအယူခံကို ကြားနာစစ်ဆေးခြင်းမရှိဘဲ လက်ခံထားတာ ၅ လ ကျော်ရှိသွားပြီဖြစ်လို့ ထပ်မံမေတ္တာရပ်ခံရတာလို့ ရှေ့နေဦးကြည်ဝင်းက ပြောပါတယ်။

"ကျနော်တို့ အယူခံထားတယ်ဆိုတာဟာလည်း အဲဒီဥပဒေ ပုဒ်မ ၁၉ မှာ အယူခံပိုင်ခွင့် ပေးထားတယ်။ ဒါကြောင့်မို့ အစိုးရအဖွဲ့က ၉၊ ၁၀၊ ၂၀၀၈ တုန်းကတည်းက လက်ခံခဲ့ပြီးပြီ။ စာပို့တဲ့နေ့က ဆိုလို့ရှိရင် ၇၅ ရက်ပဲ ကျန်တော့တယ်။ သူတို့က ကျနော်တို့အယူခံကို ကြားနာခြင်းမပြုတော့ ဒါဟာ တနည်း အားဖြင့် အယူခံကို ငြင်းပယ်နေတဲ့ သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့ ကြားနာပေးပါ။"

စစ်မှန်တဲ့ ကြားနာစစ်ဆေးမှုတွေ ဖြစ်စေဖို့အတွက် အယူခံမကြားနာခင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပြုဖို့လည်းတောင်းဆိုထားတယ်လို့ ပြောပါတယ်။

# ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ် လူ့အခွင့်အရေးနဲ့ပတ်သက်၍ ဖြောင်လိမ်

**Mizzima ၊ မတ်လ ၁၉ ။** ။ ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးသည် မြန်မာနိုင်ငံ၌နိုင်ငံရေးအကျဉ်းသားမရှိဟု ကုလလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဖြောင်လိမ်ခဲ့သည်ဟု တက်ကြွလှုပ်ရှားသူများက ကြာသပတေးနေ့ကစွပ်စွဲပြောကြားလိုက်သည်။

ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံ၌အကျဉ်းကျခံရလျက်ရှိသော နိုင်ငံရေးအကျဉ်းသားပေါင်း ၂,၀၀၀ ကျော်ရှိသည်ဟုဆိုသော ကုလသမဂ္ဂလူ့အခွင့်အရေးအထူးသံတမန် မစ္စတာတောမတ်စ် အိုပေး ကင်တားနား၏အစီရင်ခံစာကို အင်္ဂါနေ့က ငြင်းဆိုပြောကြား သွားခြင်းဖြစ်သည်။ "ယုံကြည်ချက်ကြောင့်အကျဉ်းချခံနေရသူများမရှိ၊ မြန်မာနိုင်ငံ၏ဥပဒေကို ချိုးဖောက်သောကြောင့် အကျဉ်းကျခံနေရသူများသာရှိသည်"ဟု ဂျနီဗာမြို့တွင် မတ်လ ၂ ရက်မှ ၂၇ ရက်အထိကျင်းပလျက်ရှိသော ဒသမအကြိမ်မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဦးဝဏ္ဏမောင်လွင်က မစ္စတာ ကင်တားနား ၏ အစီရင်ခံစာကို ငြင်းဆိုပြောကြားသွားခြင်းဖြစ်သည်။

၎င်းအစည်းအဝေးသို့တက်ရောက်လာသည့်ကိုယ်စားလှယ်အများအပြားက မြန်မာနိုင်ငံ၏တုန်လှုပ်ချောက်ခြားဖွယ်ကောင်းလှသော လူ့အခွင့်အရေးမှတ်တမ်းအတွက် ရှုတ်ချပြောဆိုကြသော်လည်း မြန်မာစစ်အစိုးရကိုကြာရှည်စွာ ထောက်ခံအားပေးလာခဲ့သော ရုရှားနိုင်ငံကမူ စစ်အစိုးရကိုကာကွယ်ပြောကြားသွားခဲ့သည်။

"နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုအာရုံစိုက်စိတ်ဝင်စားလာကြသည့် ၎င်းပြဿနာသည် အတုအယောင်မျှသာဖြစ်သည်။ ခေါင်းဆောင်များအပေါ်စွပ်စွဲချက်များအားလုံးသည် ယုံကြည်စိတ်ချရခြင်းမရှိသော သတင်းအချက်အလက်များအပေါ် မူတည်ပြုလုပ်ခဲ့ခြင်းသာဖြစ်ပြီး သေချာအောင်အတည်ပြုစစ်ဆေးထားခြင်းလည်းမရှိသည့် နိုင်ငံရေးအသွေးအရောင်ရှိသော သတင်းရပ်ကွက်များမှရရှိသည့် သတင်းအချက်အလက်များသာဖြစ်သည်"ဟု ရုရှားကိုယ်စားလှယ်၏ ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြထားပါသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW ၏ ထိုင်းနိုင်ငံအခြေစိုက်မြန်မာနိုင်ငံဆိုင်ရာအတိုင်ပင်ခံ David Scott Mathieson ကမူ မြန်မာနိုင်ငံ၌ ထိတ်လန့်တုန်လှုပ်ဖွယ်လူ့အခွင့်အရေးအခြေအနေလည်းမရှိ၊ နိုင်ငံရေး အကျဉ်းသားလည်းမရှိဟု မြန်မာနိုင်ငံကငြင်းဆိုခြင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် မျက်စိလည်သွားနိုင်သည်ဟု ပြောပါသည်။

"နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ရှိတယ်လို့ ကျနော်တို့သိထားပါတယ်။ ဒါပေမယ့် သူ (ဦးဝဏ္ဏမောင်လွင်) ကငြင်းဆိုပါတယ်။ ဒါပေမယ့် အန္တရာယ်က သူ့ရဲ့ရှုးသွပ်မှုမဟုတ်ဘူး၊ အန္တရာယ်က နိုင်ငံတကာအသိုင်းအဝိုင်းက သူပြောတဲ့အတိုင်းယုံသွားမှာကိုဘဲ"ဟု Mathieson ကပြောပါသည်။ နိုင်ငံအချို့က စစ်အစိုးရ ၏ထုတ်ပြန်ကြေညာချက်များကို ယုံကြည်လိုက်ကြပြီး အမှန်တကယ်ဖြစ်ပျက်နေသည့်လူ့အခွင့်အရေးအခြေအနေများကို မသိကျိုးကျွံပြုလိုက်ကြမည့် အန္တရာယ်ရှိ သည်ဟု သူက ဆက်လက်ပြောကြားသွားပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာသံအမတ်ကြီးပြောသည်ကို မယုံကြည်သင့်ကြောင်းဖြင့်လည်း HRW ကပြောပါသည်။ မြန်မာနိုင်ငံတွင်းပေါ်ပေါက်လျက်ရှိသော လူ့အခွင့်အရေးအခြေအနေများကို သူတို့အနေဖြင့် ပိုမိုအာရုံစိုက်သင့်ကြောင်းလည်းပြောပါသည်။ "၎င်းပြောဆိုချက်သည် လေးနက်သောပြောဆိုချက်မဟုတ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ကုလသမဂ္ဂကိုရိုးသားစွာ ပြောဆိုတင်ပြရမည်ဟူသည့် မူဝါဒကိုလည်းထင်ဟပ်နေခြင်းမရှိ၊ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးစီမံကိန်းကြီးတခုလုံးကို စော်ကားမှုသာဖြစ်သည်"ဟု Mathieson က ဆက်လက်ပြောကြားသွားခဲ့ပါသည်။

ဖေဖော်ဝါရီလက မြန်မာနိုင်ငံကိုနောက်ဆုံးသွားရောက်ခဲ့သော မစ္စတာ ကင်တားနားက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသည် စိန်ခေါ်လျက်ပင်ရှိသေးကြောင်း၊ နိုင်ငံတဝှမ်းရှိအကျဉ်းထောင်များတွင်အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသားပေါင်း ၂,၀၀၀ ကျော်ရှိသေးကြောင်း သူ၏အစီရင်ခံစာတွင်ထုတ်ဖော်တင်ပြထားပါသည်။ ၂၀၁၀ ခုနှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန်လည်း သူကတောင်းဆိုလိုက်ပါသည်။

---

# ရိက္ခာပြတ်သည့် ချင်းပြည်နယ်၌ တောင်သူများ ဘိန်းစိုက်ပြီး ထွက်ပေါက်ရှာ

**DVB ၊ မတ်လ ၁၉ ။** ။ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ ကျေးရွာဒေသခံတွေဟာ စားနပ်ရိက္ခာရှားပါးမှုကြောင့် ဘိန်းစိုက်ပျိုးရောင်းပြီး ထွက်ပေါက်ရှာနေကြတယ်လို့ ကွင်းဆင်းလေ့လာခဲ့သူတဦးက ပြောပါတယ်။

ချင်းအမျိုးသား ပူးဘီကြိုးဟာ ပလက်ဝမြို့နယ်ရှိ တောတောင်ထူထပ်တဲ့ဒေသ ကျေးရွာတွေမှာ စားနပ်ရိက္ခာရှားပါးမှုကို သွားရောက်လေ့လာမှတ်တမ်းတင်ပြီး မကြာခင်ရက်ပိုင်းကမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်ရောက်ရှိပါတယ်။ ကုလားတန်မြစ်အနောက်ဘက်ကရွာတွေမှာ ဘိန်းကို မနှစ်က စက်တင်ဘာမှာ စတင်စိုက်ပျိုးပြီး ဇန်နဝါရီမှာ အစေးထုတ်ပြီးနေပြီလို့ ပူးဘီကြိုက ပြောပါတယ်။

"၂၀၀၇ ခုနှစ်ကတည်းက လူတွေက တအားငတ်နေတော့ ဘာမှလုပ်ဖို့ကိုင်ဖို့စားသောက်ဖို့မရှိတော့ တောကြိုတောင်ကြားတွေမှာ ဘိန်းတွေကို ခိုးကြောင်ခိုးဝှက်နဲ့စိုက်နေရတာ။ အဲဒီဘိန်းတွေက ဘယ်လောက်ရသလဲလို့ ကျနော်တို့ မေးလိုက်တော့ ၁၅ ကျပ်သား ငါးဆယ်သား စသဖြင့်ရတယ်တဲ့၊ စိုက်တာလည်း ၂ နှစ်ပဲရှိသေးတယ်၊ မလွဲသာလို့မရှောင်သာလို့ ကျနော်တို့လုပ်နေရတာပါ။ ကျနော်တို့ဝမ်းစာဝရင် ဒါမျိုးမလုပ်ချင်ပါဘူးလို့ ရှင်းပြကြတယ်။ ဘိန်းခင်းတွေကိုလည်း ကျနော်တို့သွားရောက်လေ့လာခဲ့တယ်၊ ကျနော်တို့နည်းနည်းနောက်ကျသွားတယ်၊ အကုန်လုံးသိမ်းပြီးပြီ၊ အကြွင်းအကျန်လေးတွေလည်း ဓာတ်ပုံတွေ ဗွီဒီယိုတွေလည်း ကျနော်တို့ဆီမှာရှိတယ်။"

အဲဒီဘိန်းမည်းတွေကို နယ်စပ်တဖက်က ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယဘက်ကိုလွှယ်လွှယ်ကူကူ သွားရောင်းကြတယ်လို့လည်း ပြောပါတယ်၊ စားနပ်ရိက္ခာကူညီရေးအတွက် ပြည်တွင်းပြည်ပက ချင်းအကူအညီပေးရေးအဖွဲ့အစည်းတွေ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(EFP) စတဲ့အဖွဲ့တွေကကော အကူအညီပေးတယ်လို့ သတင်းထုတ်ပြန်ဘူးပေမယ့် အဲဒီဒေသရှိ ရွာ ၂၈ ရွာမှာ အကူအညီလုံးဝမရတာကို သိရှိမှတ်တမ်းတင်လာတယ်လို့လည်း ပူးဘီကြုံက ပြောပါတယ်။

ချင်းပြည်နယ်မှာ ၂၀၀၇ ကစပြီး ဝါးတောတွေ သီးပွင့်လို့ ကြွက်ပေါက်နှုန်းရုတ်တရက် အဆမတန်မြင့်လာပြီး တောင်ယာနဲ့ သိုလှောင်သီးနှံတွေကို ဖျက်ဆီးစားသောက်လို့ ရိက္ခာပြတ်တဲ့အငတ်ဘေးကြုံရပါတယ်၊ ဒီနှစ်ဆန်ရှားပါးမှု ကြုံတွေ့မယ်လို့ ကုလသမဂ္ဂလက်အောက်ခံစားနပ်ရိက္ခာအဖွဲ့တွေက ကြေညာထားပါတယ်။ ကုလားတန်မြစ်အနောက်ပိုင်းက ခမိချင်းတွေဟာ စားနပ်ရိက္ခာရှားပါးမှုကြုံတွေ့နေရရုံတင်မက နအဖစစ်တပ်တွေရဲ့ပေါ်တာဆွဲတာကိုလည်း ခံနေရ ပါတယ်။ ဒီလ ပထမပတ်မှာ နအဖခြေလျင်တပ်ရင်း ခလရ ၅၅ က တပ်ရင်းမှူးဦးစီးတဲ့ စစ်ကြောင်းဟာ နယ်ခြားကျောက်တိုင် စစ်ဆေးဖို့အသွားမှာ အဲဒီဒေသက ရွာသားအများအပြားကိုပေါ်တာဆွဲသွားတယ်လို့ စုံစမ်းသိရှိရပါတယ်။

**မတ် ၁၄၊ Irrawaddy ။ ။** သမတအိုဘားမားသည် အင်ဒိုနီးရှားသမတထံ  မတ်လ ၁၃ တွင် တယ်လီဖုန်းခေါ်၍ မြန်မာ့ဒီမိုကရေစီရေးဆွေးနွေးခဲ့ကြောင်း။

**မတ် ၁၅ ၊ IHT ။ ။** လက်တွဲခေါ်၍လည်းမရ၊ ကုန်သွယ်ကန့်သတ်ပိတ်ပင်သည့် Sanction နှင့်လည်းမရသော မြန်မာစစ်အုပ်စု့အပေါ် ပေါ်လစီကို အမေရိကန်မှ ခေါင်းခဲနေ၏

**မတ် ၁၅၊ Strategy Page ။ ။** တရုတ်သည် သူ့နိုင်ငံလုပ် မောင်းပြန်ရိုင်ဖယ် QBZ-95 ကို မြန်မာတပ်များသို့ရောင်းခဲ့ဖွယ်ရှိကြောင်း။

**မတ် ၁၅၊ Wtn Post။ ။** အရက်စက်ဆုံး ရာဇဝတ်ကောင်များကဲ့သို့ပင် ဗိုလ်ချုပ်သန်းရွှေနှင့်အပေါင်းပါတို့သည် အတိုက်အခံနှင့်အဖွဲ့ဝင်များကို ဟန့်တားရာတွင် သူတို့အချစ်မြတ်နိုးဆုံးမိသားစုကို ဓားစာခံလုပ်ခြင်းပင်ဖြစ်ကြောင်းသိ၍ အရှင်ဂမ္ဘီရ၏မိသားစုများကို ဓားစာခံလုပ် ထောင်ဒဏ်ပြစ်ဒဏ်များချမှတ်နေကြောင်း။

**မတ် ၁၅၊ ThaiNewsnet ။ ။** ဘန်ကောက်ရှိ Rangsit တက္ကသိုလ်သည် မိမိတက္ကသိုလ်တွင်ပညာသင်ရလိုသူများအား ရန်ကုန်တွင်စာမေးပွဲကျင်းပမည်ဆို၏။

**မတ် ၁၆၊ JKT ။ ။** အင်ဒိုနီးရှားသမတ Yudhoyono သည် အင်ဒိုနီးရှားရောက် နအဖဝန်ကြီးချုပ်နှင့်တွေ့စဉ် ရိုဟင်ဂျာဒုက္ခသည်များပြဿနာလည်း ဆွေးနွေးခဲ့၏။

**မတ် ၁၆၊ EarthTimes ။ ။** မြန်မာကျပ်ငွေဘာကြောင့်မသိ ဈေးတက်လာမှုကြောင့် နိုင်ငံခြားတွင်လုပ်ကိုင်၍ မြန်မာသို့ငွေပို့သူများ ယခင်လို မကိုက်ကြောင်း။

**မတ် ၁၆၊ RFA ။ ။** ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ရန်ကုန်မှမခွာမီ ကုလလူ့အခွင့်အရေးအထူးစစ်ဆေးရေးအရာရှိ Quintana မှသတင်းစာရှင်းပွဲတွင်ဆို၏။

**မတ် ၁၆၊ GENEVA ။ ။** မြန်မာပြဿနာကိုအရေးယူရန် တရုတ်ကုလကိုယ်စားလှယ်မှ  ဂျနီဗာတွင် ကုလလူ့အခွင့်အရေးအဖွဲ့အား မလုပ်စဖူး ထူးခြားစွာတောင်းဆိုလိုက်၏။

**မတ် ၁၆၊ WTN ။ ။** အမေရိကန်သည် ကုလလူ့အခွင့်အရေးကောင်စီတွင်ပါဝင်သင့်ကြောင်း အိုဘာမားအစိုးရအဖွဲ့အား  Human Rights First အဖွဲ့ မှတင်ပြ၏။

**မတ် ၁၆၊ GENEVA ။ ။** မြန်မာတွင်နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်နက် အများစုသည် အကျဉ်းရုံးနည်းဖြင့် စီရင်ချက်ချခံထားရမှုများဖြစ်ကြောင်း  ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ယနေ့ဆို၏။

**မတ် ၁၇၊ RGN-AP ။ ။** နအဖသည် လေဖြတ်၍အနားယူနေရသည့် အဲန်အဲလ်ဒီမှဦးကြည်လွင်အပါဝင် ၅ ဦးအားဖမ်းဆီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရ ဦးဟန်သာမြင့်မှဆို၏။

**မတ် ၁၇၊ Mizzima ။ ။** နအဖ၏ မတ် ၈–၂၀ ကျောက်မျက်ရတနာပွဲသည် အထူးဖိတ်နိုင်ငံခြားအဝယ်တော်များဖြင့် ခင်းကျင်းနေကြောင်း။

**မတ် ၁၇၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်ထားခြင်းအပေါ် အယူခံကို နအဖဝန်ကြီးချုပ်ထံ ရှေ့နေဦးကြည်ဝင်းမှတင်ထားကြောင်း။

**မတ် ၁၇၊ TKY ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံးလွတ်မြောက်စေရန် ဂျပန်နှင့် နိုင်ငံခြားသားများထံမှ လက်မှတ်ကောက်ခံလှုပ်ရှားမှုကို တိုကျိုတွင် မတ်၂၀–၂၁တွင် လုပ်ဆောင်မည်ဟု အဲန်အဲလ်ဒီ(လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ မတ် ၁၇ နေ့စွဲဖြင့်ထုတ်ပြန်ချက်မှဆို၏။

**မတ် ၁၈၊ SPR ။ ။** စင်္ကာပူရောက် နအဖဝန်ကြီးချုပ်သိန်းစိန်၏အမည်ဖြင့် စင်္ကာပူသစ်ခွပန်းတမျိုးအား "Dendrobium Thein Sein" အမည်ပေးခြင်းကို စင်္ကာပူမှဒီမိုကရေစီလှုပ်ရှားသူများမှကန့်ကွက်၏။

**မတ် ၁၈၊ RFA ။ ။** မြန်မာပြည်ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေးဆက်ကြိုးပမ်းရန် ထောင် ၆၉ နှစ်ကျ အရှင်ဂမ္ဘီရမှ အစာတော်ခံဆန္ဒပြရင်း မြန်မာပြည်သူများသို့တိုက်တွန်း၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ပြောသလို လွတ်လပ်ရေးလိုလားလျှင် လွတ်လပ်ရေးအတွက်ကြိုးပမ်းရမည်ဟု အရှင်ဂမ္ဘီရအားထောင်ဝင်စာတွေ့ခဲ့သူ ရဟန်းအမေ ဒေါ်ရေး မှဆို၏။ မိမိအမှုကို အယူခံမည်ဟုလည်းဆိုကြောင်း။

**မတ် ၁၈၊ XNA ။ ။** မြန်မာတွင် လိင်မှုလုပ်ငန်းဖြင့်အသက်မွေးသူ အမျိုးသမီးများအားစစ်ဆေးရာတွင် မန္တလေးနှင့်လားရှိုးတွင် HIV ရောဂါသည် ၂၂ ရာနှုန်းကျော်ဖြင့်အမြင့်ဆုံးတွေ့ရကြောင်း ကျန်းမာရေးဌာနလေ့လာချက်မှဆိုကြောင်း Weekly Eleven မှ ဆို၏။

**မတ် ၁၈၊ Irrawaddy ။ ။** ထိုင်းရှိ ကရင်ဒုက္ခသည်စခန်းများအားပိတ်ရန် ကရင်ခွဲထွက်အဖွဲ့  KNU/KNLA မှဆို၏။

**မတ် ၁၈၊ DVB ။ ။** လယ်သမားများ၏အခွင့်အရေးအတွက် ကုလသမဂ္ဂအဖွဲ့သို့တိုင်ခဲ့သော လယ်သမား ၅၀ ဦး၏လူငယ်ရှေ့နေ ဦးဖိုးဖြူအား ထောင်ဒဏ် ၄ နှစ်ချမှတ်ခဲ့၏။

**မတ် ၁၈၊ SPR ။ ။** အမေရိကန် ဥရောပသမဂ္ဂတို့မှမူများ ပြန်သုံးသပ်နေချိန်တွင် မြန်မာသည် ကမ္ဘာ့အသိုင်းအဝိုင်း၏တောင်းဆိုချက်များနှင့်အညီ အတိုက်အခံနှင့်ညှိသင့်ကြောင်း စင်္ကာပူရောက် နအဖဝန်ကြီးချုပ်သိန်းစိန်အား စင်္ကာပူဝန်ကြီးချုပ် Lee Hsien Loong မှ တိုက်တွန်း၏။

**မတ် ၁၉၊ DVB ။ ။** အောင်လံတွင်အဓမ္မသိမ်းပိုက်ခဲ့သော လယ်မြေများအနက် ဧက ၁၀၀ ကျော်ကိုပြန်လည်ပေးအပ်ခဲ့ကြောင်း။

**မတ် ၂၀၊ CHIANG MAI, Mizzima ။ ။** အီလက်ထရောနစ်ဥပဒေ၊ နိုင်ငံတော်လုံခြုံရေးနှင့် ဗွီဒီယိုအက်ဥပဒေများဖြင့် ထောင်ဒဏ် ၃၅ နှစ် ကျခံနေရသော ဟာသပညာရှင်ဇာဂနာ၏မိခင် ဒေါ်ကြည်ဦး ယနေ့ကွယ်လွန်ကြောင်းမဇ္ဈိမမှဆို၏။

**မတ် ၂၀၊ Mizzima ။ ။** နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆုတ်ယုတ်ရခြင်းသည် လိုအပ်သောကျန်းမာရေးဆေးကုသမှုမရခြင်းကြောင့်ဟု AAPP မှဆို၏။

**မတ ၂၀၊ Mizzima ။ ။** တရုတ်မှ Chinnery Assents Ltd. သည် မတ်၂၃ မှစ၍ မြန်မာအနောက်ဖက်ကမ်းခြေတွင် ကမ်းလွန်ရေနံစတင်ရှာဖွေမည်။

**မတ် ၂၀၊ Mizzima ။ ။** ဘင်္ဂလားဒေ့ရှ်နှင့်နယ်ခြားစည်းရိုးခတ်ရန်အဆိုသည် ရိုဟင်ဂျာများဝင်ထွက်မှုကိုတားရန် နအဖ၏အစီအစဉ်ဖြစ်နိုင်ကြောင်းလေ့လာသူများမှဆို၏။

**မတ် ၂၀၊ Mizzima ။ ။** တရုတ်တပ်မတော်ဦးစီးချုပ် Chen Bingde သည် မြန်မာသို့ရောက်ရှိပြီး နအဖ ဗိုလ်ချုပ်သန်းရွှေနှင့်တွေ့ ခဲ့၏။

**မတ် ၁၉၊ DVB ။ ။** ကိုအောင်ဇော်ဦး(လူ့အခွင့်အရေးမြှင့်တင်ရေးကွန်)၊ ကိုဇော်ဇော်မင်း(၈၈ မျိုးဆက်)နှင့် ကိုဝင်းမော်(ရွှေသံစဉ်တီးဝိုင်း)တို့အား ထောင်ဒဏ်တိုး၍နယ်သို့ပို့ခဲ့၏။

**မတ် ၂၀၊ TKY-DVB ။ ။** USCB မှဦးအောင်ဒင် ဂျပန်အမတ်များနှင့်ဆွေးနွေးကာ ၂၀၁၀ ကိုလက်မခံရန်ပြောခဲ့ကြောင်း၊ သို့သော် ဂျပန်သည် ၂၀၁၀ ရွေးကောက်ပွဲအဖွဲ့ဝင်များအား ၁၀ ရက်သင်တန်းပေးနေကြောင်း။

**မတ် ၂၀၊ CSW ။ ။** မြန်မာတွင်နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွတ်မြောက်ရေးအတွက်  AAPP, FDB နှင့် ကမ္ဘာအနှံ့လှုပ်ရှားသူများနှင့်အတူ အင်တာနက်မှလက်မှတ်ထိုးလှုပ်ရှားမှုပြုလုပ်မည်။

# အာဏာပိုင်ကသိမ်းခဲ့သည့် လယ်ယာအချို့ကို တောင်သူများအား ပြန်ပေး

**DVB ၊ မတ်လ ၁၉ ။ ။** လယ်ယာအသိမ်းခံရတဲ့ မကွေးတိုင်း အောင်လံမြို့က လယ်သမားတွေကို လယ်ယာမြေဧက ၁၀၀ ကျော် ပြန်လည်လုပ် ကိုင်ခွင့်ပေးလိုက်ပြီလို့ လယ်သမားတွေက ပြောပါတယ်။

အောင်လံမြို့နယ် ရုံးဆိပ် အမှတ် ၅ သကြားစက်ရုံမှူး ဗိုလ်မှူးရဲနိုင်က တောင်သူတွေကို ကြံစိုက်ဖို့ အဓမ္မခိုင်းစေခဲ့ပြီး ငြင်းတဲ့တောင်သူတွေရဲ့ လယ်ယာမြေကို ၂၀၀၇ မှာ သိမ်းဆည်းခဲ့ပြီးနောက် သံရွာ၊ စမ်းက လေး၊ သပြေပင်၊ ညောင်ပိုင်း၊ တယ်ပင် စတဲ့ကျေးရွာအုပ်စုတွေက လယ်သမားတွေက စုပေါင်းလက်မှတ်ထိုးပြီး ၂၀၀၈ ဩဂုတ်မှာ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO ကို တိုင်ကြားပါတယ်။ ဒီလ ၁၁ ရက်မှာ နေပြည်တော်က ဒု–ဗိုလ်မှူးကြီးယုလွင်အောင် ဦးဆောင်တဲ့ အစိုးရအာဏာပိုင်တွေနဲ့ အတူ ILO အရာရှိ စတိဗ်မာရှယ်၊ ရန်ကုန်ရုံး ဒုတိယ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ သီအာမာချိုင်းဝင်းတို့ လိုက်ပါပြီး စစ်ဆေးဆုံးဖြတ်ပါတယ်။

၁၁ ရက်နေ့ မနက် ၉ နာရီလောက်မှာ သကြားစက်က ဒု–စက်ရုံမှူး ဗိုလ်မှူးလှဘုန်း၊ ရင်ဘို သကြားစက်က ဒု–စက်ရုံမှူး ဦးဇော်ဝင်း၊ သစ်တော ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနဲ့ မယက ဥက္ကဋ္ဌတို့ကို မြို့နယ်မယကရုံးမှာ စစ် ဆေးပါတယ်။ အဲဒီနောက် ဒေသခံ ၄၀၀ နီးပါးတက်ရောက်တဲ့ ဆွေးနွေးပွဲနှစ်ခုကို နှစ်နေရာခွဲပြီးကျင်းပရာမှာ တောင်သူတွေက အတင်းအကျပ်ကြံစိုက်ခိုင်းပုံ၊ လယ်တွေသိမ်းပုံတွေ၊ လယ်ယာမြေစိုက်ခိုင်းတွေကို မြေတူးစက်နဲ့ ထိုးကော်ဖျက်ဆီးပုံတွေကို ပွင့်ပွင့်လင်းလင်းတင်ပြကြပါတယ်။ နောက်တနေ့ ၁၂ ရက်မှာ လယ်သိမ်းခံရသူတွေ၊ လယ်ယာမြေအဖျက်ဆီးခံရတဲ့ တောင်သူတွေကို မယက ရုံးကိုဆင့်ခေါ်ပြီး လယ်မြေဧက ၁၀၀ ကျော်မှာ ပြန်လုပ်ကိုင်ခွင့်ပေးကြောင်း ဆုံးဖြတ်ပေးတာလို့ တိုင်ကြားရာမှာ ကိုယ်တိုင်ပါဝင်တဲ့ လယ်သမားတဦးက ပြောပါတယ်။

“သကြားစက်ရုံမှူး ဗိုလ်မှူးကြီးဇော်ဝင်းက ‘ကျနော်တို့က ဒီမြေကို ဆက်လက်ပြီးစိုက်ပျိုးတော့မှာ မဟုတ်ပါဘူး’ လို့ပြောပါတယ်။ ‘လုံးဝလည်း သူတို့စိုက်ပျိုးလို့မအောင်မြင်ပါဘူး’ လို့ပြောပါတယ်၊ ဒုဗိုလ်မှူးကြီးယုလွင်အောင်ကလည်းမြေစာရင်းကိုပြောပါတယ် ‘အမှန်အကန်အတိုင်း ဦးပိုင်ဖောက်ပေးလိုက်ကြပါ၊ လာဘ်ငွေလုံးဝမယူပါဘူး’ လို့ပြောခဲ့ပါတယ်။ ဘာပြောစရာရှိသလဲဆိုတော့ ကျန်ဌာနကလည်း သူတို့ပြောစရာမရှိပါဘူးလို့၊ မြေစာရင်းကလည်း ပြောစရာမရှိပါဘူးတဲ့၊ အဲလိုပြောပါတယ်။ “ကျနော်တို့ သံရွာအုပ်စု၊ စမ်းကလေးကျောင်းစုက မြေဧက ၁၀၀ ကျော်ပိုင်ဆိုင်တဲ့ တောင်သူ လယ်သမားတွေကတော့ လုပ်ခွင့်ရပါတယ်။”

**တဘက်သို့**

**စာမျက်နှာ ၃ မှ**

သက်လို့ ဘယ်လိုအခြေအနေတွေကိုတွေ့ရှိပါသလဲလို့ မစ္စတာကင်တားနားကို မေးကြည့်အခါ…

“ကျနော့်ရဲ့အစီရင်ခံစာထဲမှာဖော်ပြထားသလိုပါဘဲ။ မြန်မာနိုင်ငံမှာ တရားဥပဒေနဲ့အညီ တရားမျှတတဲ့တရားစီရင်ရေးဆိုတာကို လေးစားလိုက်နာခြင်းမရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့်ကတော့ အခုနောက်ဆုံး နိုင်ငံရေးအကျဉ်းသားတွေကို ပြင်းထန်တဲ့ထောင်ဒဏ်တွေချမှတ်တဲ့ကိစ္စတွေပါဘဲ။”

ဆက်လက်မေးမြန်းခဲ့တာက အခုအစီရင်ခံစာထဲမှာ လက်ရှိနိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေတွေကိုရော ထင်ဟပ်ဖော်ပြတာတွေရှိပါသလား။

“ကျနော့်ရဲ့အစီရင်ခံစာထဲမှာ လက်ရှိနိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေတွေကို ထည့်သွင်းဖော်ပြထားပါတယ်။ နိုင်ငံတကာဥပဒေတွေနဲ့ဆန့်ကျင်နေတဲ့ လက်ရှိတည်ဆဲဥပဒေတွေအရ အပြစ်ပေးအရေးယူခံထားရပြီး ထောင်တွေထဲမှာအကျဉ်းချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့ ထည့်သွင်း အစီရင်ခံထားပါတယ်” လို့ပြောသွားပါတယ်။

နောက်ဆုံးမေးခွန်းတခုအနေနဲ့ မကြာသေးမီက မြန်မာနိုင်ငံကိုသွားပြီးအခြေအနေတွေကိုလေ့လာခဲ့တာဆိုတော့ မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်လို့ ယေဘုယျ ဘယ်လိုသုံးသပ်ပြောဆိုနိုင်ပါသလဲ။

“ကျနော်ပြောချင်တာကတော့ မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေဟာ စိန်ခေါ်မှုတွေနဲ့ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ အမိကကတော့ ကျနော်အကြံပြုတင်ပြထားတဲ့အချက်တွေကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်ဆောင်ရွက်ဘို့ပါဘဲ” လို့ Mr.Quintana က ဖြေကြားသွားခဲ့ပါတယ်။

# နာဂစ်ကူညီသူ အဖွဲ့ချုပ်ဝင်များ နယ်ထောင်ပို့

**DVB ၊ မတ်လ ၁၇ ။ ။** ရန်ကုန်မြို့ အင်းစိန်ထောင်မှာ အကျဉ်းချ ထားတဲ့ နာဂစ်မုန်တိုင်းသင့်သူတွေကို ကူညီသူတွေအပါအဝင် အနည်းဆုံး ၅ ဦးခန့် ကို မိသားစုနဲ့ဝေးတဲ့ နယ်မြို့ အကျဉ်းထောင်တွေဆီ စစ်အုပ်စုက ပို့လိုက်တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

အဲဒီ ၅ ဦးကတော့ အဖွဲ့ချုပ်ဝင် မချို မသီဂီနဲ့ ပြည်သူ ကိုမင်းသိန်းထွန်း (ကိုသီဟ) နဲ့ အမည်မသိရသူ ၂ ဦး တို့ဖြစ်ပါတယ်။ မချိုကို ပြည်မြို့အကျဉ်းထောင်ကို ပို့လိုက်ပြီး မသီဂီကို မအူပင်၊ ကိုသီဟနဲ့ တခြားအမည်မသိ ၂ ဦးကို သရက်အကျဉ်းထောင်ဆီ ပို့လိုက်တာဖြစ်ပါတယ်၊ ကိုသီဟကို ဒီလ ၁၅ ရက်နေ့က ပို့လိုက်တာကို ဒီနေ့ အင်းစိန်ထောင်ကို သွားမေးမှ သိရတာလို့ ဖခင်ဖြစ်သူက အခုလို ပြောပြပါတယ်။

“သတင်းကြားလို့ သွားစုံစမ်းတော့ သရက်ထောင်ကို ပို့လိုက်ပြီတဲ့။ ၇ ရက်နေ့က ပို့တယ်နဲ့တူတယ်။ ဒါတောင် သွားစုံစမ်းမှသိရတာ၊ အင်းစိန်က သူတို့ကိုယ်တိုင်ပြောလိုက်တာပါ။ တခြား ၂ ယောက်ကိုတော့ ကာယကံရှင် မဟုတ်ရင် မပြောဘူးတဲ့။”

မချိုနဲ့ မသီဂီကို အင်းစိန် အထူးတရားရုံးက မတရားအသင်းအက်ဥပဒေ ၁၇–၁ နဲ့ စွဲချက်တင်ပြီး ဒီလ ၉ ရက်မှာ ထောင် ၂ နှစ် ချလိုက်ပါတယ်။ ကိုသီဟကိုတော့ မတရားအသင်းအက်ဥပဒေ ၁၇–၁၊ ၁၇–၂၊ အီလက်ထရော နစ်အက်ဥပဒေ ၃၃–က၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၃–၁ တို့နဲ့ စွဲချက် တင်ပြီး ဒီလ ၁၁ ရက်မှာ ထောင် ၁၇ နှစ် ချလိုက်တာဖြစ်ပါတယ်။ အသက် ၃၂ နှစ်ရှိ ကိုသီဟကို မတရားပြစ်ဒဏ်ချပြီး ၊ နယ်ထောင်ကို ပို့လိုက်တာနဲ့ ပတ်သက်ပြီး ကိုသီဟရဲ့ ဖခင်က အခုလိုပြောပါတယ်။

“အင်္ဂလိပ်စာနဲ့ အိုင်တီနည်းပညာကတော့ သူဝါသနာပါတာကိုး။ အွန်လိုင်းပေါ်မှာလုပ်တယ်ဆိုတဲ့ကိစ္စက နိုင်ငံခြားကို တရားဝင်သွားရင်းနဲ့နိုင်ငံခြား မှာလုပ်တဲ့ကိစ္စ။ သူတို့နိုင်ငံခြားအွန်လိုင်းတွေက လွတ်လွတ်လပ်လပ် အတွေးအမြင်တွေဖလှယ်ကြမှာပဲပေ့ါ။ ဒါတွေကြောင့် ဖြစ်တယ်ဆိုလို့ ပြောရတာပါ။ သူ့ကိုစွဲတာက ၃၃–က နဲ့ ထောင် ၁၀ နှစ်၊ ၁၇–၁ နဲ့က ၃ နှစ်၊ ၁၇–၂ နဲ့က ၄ နှစ်၊ သူဟာ တခါ ၁၃–၁ ၃–၂ ဆိုတာတောင်ပါသေးတယ်။ သူထွက်တုန်းက တရားဝင်ထွက်တယ်။ အပြန်မှာ မြဝတီကနေ တရားမဝင် ပြန်လာတဲ့အတွက် နယ်စပ်ဖြတ်ကျော်မှုအနေနဲ့ အပြစ်ရှိတယ်ဆိုရင်တော့ ဦးတို့ကခံတယ်။ ဒါ ၃ နှစ်ပေ့ါ။ အွန်လိုင်းတို့ အင်တာနက်တို့ဆိုတာကတော့ နိုင်ငံတကာမှာ ၈၀ ရာခိုင်နှုန်းလောက် သုံးနေပါပြီ။ ဘာပဲပြောပြောလေ သူ့မှာလည်း ယုံကြည်ချက်တော့ ရှိပါလိမ့်မယ်။ ဦးတို့အနေနဲ့ ပြောချင်တာ က ဒီမျိုးဆက်သစ်တွေ အားလုံးက ပစ္စုပ္ပန်ထက်ပိုကောင်းတဲ့ အနာဂတ်ကို ဖန်တီးဖို့တာဝန်ရှိတယ်လို့ ဦးကယုံကြည်ထားတယ်။” ကိုသီဟရဲ့မိဘတွေကလည်း ပင်စင်စားတွေဖြစ်တာကြောင့် သရက်ထောင်မှာ ထောင်စာတွေ့ဖို့ အခက်အခဲရှိတယ်လို့လည်း ပြောပါတယ်။

# အတိုက်အခံအင်အားစုတွေနဲ့ သင့်မြတ်ဘို့ စင်ကာပူဝန်ကြီးချုပ် တိုက်တွန်း

**RFA ၊ မတ်လ ၁၈ ။ ။** မြန်မာစစ်အစိုးရအနေနဲ့ ဒီမိုကရေစီ အတိုက်အခံအင်အားစုတွေနဲ့ပြန်လည်သင့်မြတ်ပြီး အနောက်နိုင်ငံတွေနဲ့လည်း ချစ်ကြည်ရင်းနှီးဘို့ စင်ကာပူဝန်ကြီးချုပ်က တိုက်တွန်းလိုက်ပါတယ်။

စင်ကာပူနိုင်ငံကိုရောက်ရှိနေတဲ့ မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ကို မတ်လ ၁၇ ရက် မနေ့က ညစာစားပွဲနဲ့တည်ခင်းဧည့်ခံရာမှာ စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးကပြောကြားခဲ့တာပါ။ အမေရိကန်ပြည်ထောင်စု ဥရောပနိုင်ငံတွေနဲ့ မြန်မာစစ်အစိုးရ ချစ်ကြည်ရင်းနှီးဘို့ မိမိတို့လုပ်နိုင်တာမှန်သမျှ အစွမ်းကုန်ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုဆိုရင် နိုင်ငံတွေဟာ စီးပွားရေးပြဿနာနဲ့နပန်းလုံးနေကြပြီး တခြား ဒေသတွေနဲ့အတူ ပူးပေါင်းဖြေရှင်းရာမှာ ဘယ်လိုအကောင်းဆုံးနည်းလမ်းတွေရှိမလဲဆိုတာ ရှာဖွေနေကြတာပါ။ မြန်မာနိုင်ငံဟာ ဒီအခိုက်အခါကို အမိအရဆုပ်ကိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတကာနဲ့ချစ်ကြည်ရေးအတွက် ရဲရင့်တဲ့ ခြေလှမ်းတွေလှမ်းလိမ့်မယ်လို့မျှော်လင့်မိကြောင်း၊ စင်ကာပူလ်ဝန်ကြီးချုပ်လီရှန်လုံး က ပြောခဲ့ပါတယ်။

မြန်မာနိုင်ငံကနိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို ပြန်လွှတ်ပေးဘို့ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားရဲ့တောင်းဆိုချက်ထွက်ပေါ်လာခဲ့အပြီး အခုလိုမစ္စတာလီရှန်လုံးကပြောဆိုလိုက်တာဖြစ်ပါတယ်။ ဒါပေမယ့် မစ္စတာလီရှန်လုံးမပြောဆိုခင်မှာ မကြာခင်ကဘဲ မြန်မာနိုင်ငံမှာ စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ၅ ဦးကိုဖမ်းဆီးခဲ့ကြောင်း၊ ဘာကြောင့်ဖမ်းဆီးမှန်းမသိရကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ပြောလိုက်ပါတယ်။

လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက အရပ်သားတွေကိုအဓမ္မလုပ်အားယူခိုင်းစေတာတွေရပ်ဆိုင်းဘို့လည်း စစ်အစိုးရကိုတိုက်တွန်းလိုက်ပါတယ်။ အမေရိကန်အစိုးရကလည်း မြန်မာစစ်ခေါင်းဆောင်တွေအပေါ် ဘဏ္ဍာရေးပိတ်ဆို့အရေးယူခဲ့ပြီး အာဆီယံနိုင်ငံတွေကိုလည်း မြန်မာ့နိုင်ငံရေးတိုးတက်ပြောင်းလဲဘို့ ဖိအားပေးစေချင်ပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ရင်းနှီးမှုခိုင်မာလာတဲ့ စင်ကာပူနိုင်ငံကတော့ စီးပွားရေးပိတ်ဆို့တာကိုဆန့်ကျင်ပါတယ်။

ပြီးတော့ စင်ကာပူဟာ မြန်မာစစ်ခေါင်းဆောင်တွေရဲ့ ငွေကြေးခန စီမံခန့်ခွဲရာ အချက်အချာနေရာဖြစ်လာနေတယ်လို့ ယုံကြည်ကြပါတယ်။ ဝန်ကြီးချုပ် လီရှန်လုံး ကတော့ သဘာဝ သယံဇာတချို့တဲ့တဲ့စင်ကာပူအဘို့ သယံဇာတပေါကြွယ်တဲ့ မြန်မာနိုင်ငံနဲ့စီးပွားရေးအခွင့်အလမ်းတွေတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ တည်ငြိမ်တဲ့ စီးပွားရေးလုပ်ငန်းဝန်းကျင်ဖြစ်ထွန်းလာအောင် ဗျူရိုကရေစီအဟန့်အတားတွေဖယ်ရှားဘို့လိုအပ်ကြောင်း မြန်မာစစ်အစိုးရကို တိုက်တွန်းပြောဆိုလိုက်ပါတယ်။

# နအဖဝန်ကြီးချုပ်အား မတန်မရာဂုဏ်ပြုသည့်လုပ်ရပ်ကို ကန့်ကွက်ဆန္ဒပြ

**DVB ၊ မတ်လ ၁၈ ။ ။** မြန်မာစစ်အစိုးရဝန်ကြီးချုပ်ကို နိုင်ငံ့ဂုဏ်ဆောင်ပန်းနဲ့ ဂုဏ်ပြုတာဟာ မတန်မရာလုပ်ရပ်ပဲဆိုပြီး စင်ကာပူနိုင်ငံသား သုံးဦးက ကန့်ကွက် ဆန္ဒပြကြပါတယ်။

စင်ကာပူအစိုးရက နိုင်ငံ့ဂုဏ်ဆောင်ပန်းဖြစ်တဲ့ သစ်ခွပန်းတမျိုးကို နအဖ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့နာမည်တပ်ပြီး ဂုဏ်ပြုချီးမြှင့်တာဟာ မတန်မရာစော်ကားတဲ့လုပ်ရပ်ပဲဆိုပြီး စင်ကာပူနိုင်ငံက ရှေ့နေတဦး၊ ရုပ်ရှင်ထုတ်လုပ်သူတဦးနဲ့ အနုပညာရှင်တဦးတို့က ဒီမနက် ကန့်ကွက်ဆန္ဒပြပါတယ်။ ဒီမနက် ၈ နာရီ စင်ကာပူ အမျိုးသားသစ်ခွစင်တာမှာ ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ဂုဏ်ပြုဖို့ရှိတာကြောင့် စင်ကာပူနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Ho Choon Hiong၊ ရှေ့နေ Chia Ti Lik နဲ့ ပန်းချီဆရာ Seelan Talay တို့က ကန့်ကွက်ဖို့ အချိန်မီ သွားရောက်ပေမယ့် ၇ နာရီ မိနစ် ၅၀ လောက်မှာ ဂုဏ်ပြုပွဲကို စောပြီးကျင်းပလိုက်လို့ မမီတော့တာကြောင့် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို သွားရောက် ဆန္ဒပြတယ်လို့ ပန်းချီဆရာ ဆီလန်တာလေက ပြောပါတယ်။

ဗိုလ်ချုပ်ကြီးသိန်းစိန်ဟာ တရားမဝင်တဲ့ မြန်မာစစ်အစိုးရကို ကိုယ်စားပြုလို့ ဒီဆုနဲ့မထိုက်တန်တာကြောင့် ကန့်ကွက်ဆန္ဒပြရတာပါလို့ ပန်းချီဆရာ ဆီလန်တာလေက ပြောပါတယ်။

“နယ်လ်ဆင်မင်ဒဲလား၊ ကိုဖီအာနန်တို့လို ထင်ရှားတဲ့ကမ္ဘာ့ခေါင်းဆောင်ကြီးတွေကိုသာ ချီးမြှင့်လေ့ရှိတဲ့ ဒီဂုဏ်ပြုဆုကို တရားမဝင်တဲ့ မြန်မာစစ်အစိုးရကို ကိုယ်စားပြုတဲ့ ဗိုလ်ချုပ်ကြီးသိန်းစိန်လိုလူမျိုးကို ဒီလိုချီးမြှင့်လိုက်တာဟာ စင်ကာပူနိုင်ငံရဲ့ အမျိုးသားပန်းကို စော်ကားရာရောက်သလို ဂုဏ်ပြုခဲ့ပြီးခဲ့ပုဂ္ဂိုလ်တွေကိုလည်း စော်ကားတဲ့လုပ်ရပ်ပဲ”။

မြန်မာစစ်အစိုးရရဲ့လုပ်ရပ်တွေကိုလည်း မစ္စတာ တာလေက ထောက်ပြပါတယ်။

“ရွေးကောက်ပွဲအနိုင်ရ အန်အယ်ဒီပါတီကို အာဏာမလွှဲအပ်တဲ့အပြင် မြန်မာစစ်အစိုးရဟာ ပြည်သူတွေအပေါ်လူသတ်မှု၊ မတရားထောင်ဒဏ်ချမှု၊ ညှဉ်းပန်းနှိပ်စက်မှုတွေ ဆက်လက်ကျူးလွန်နေပြီး လူ့အခွင့်အရေးကို မလေးစားဘူး”။

ဒီလိုဂုဏ်ပြုတာမျိုးဟာ ပြည်သူတွေက တခဲနက် ထောက်ခံတင်မြှောက်ထားတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုးနဲ့ သာထိုက်တန်တာကြောင့် ဒေါ်အောင်ဆန်းစုကြည်အတွက် သစ်ခွပန်းတွေနဲ့ နှုတ်ခွန်းဆက် ကတ်ပြားတို့ကို မြန်မာသံရုံးကို သွားရောက်ပေးအပ်တယ်လို့ ဆန္ဒပြရာမှာပါဝင်တဲ့ မစ္စတာ ဟိုချွန်းဟျောင်က ပြောပါတယ်။ ဒီလိုပေးအပ်တာကို သံရုံးတာဝန်ရှိသူတွေက လက်မခံတာကြောင့် သံရုံးတံခါးဝမှာပဲ ချထားခဲ့ရပြီး “ဒေါ်အောင်ဆန်းစုကြည် အသက်ရှည်ပါစေ”ဆိုတဲ့ စာတန်းပါ ဆိုင်းဘုတ်ကို ကိုင်ဆောင်ပြီး သံရုံးရှေ့မှာ ဆန္ဒပြခဲ့တယ်လို့ဆိုပါတယ်။

ချစ်စရာကောင်းတဲ့ နိုင်ငံဂုဏ်ဆောင် ချစ်စရာပန်းကို အာဏာရှင်တဦးရဲ့နာမည်တပ်လိုက်တာကြောင့် အမျက်ဒေါသထွက်ရတယ်လို့လည်း မစ္စတာ ဟိုက ပြောပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူတဦးဖြစ်တဲ့ မစ္စတာ ဟိုချွန်းဟျောင်ဟာ စင်ကာပူမှာပြုလုပ်တဲ့ မြန်မာ့ဒီမိုကရေစီရေး ဆန္ဒပြပွဲတွေအပါအဝင် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှု မှတ်တမ်းတင် ဗွီဒီယိုရုပ်ရှင်တွေ ရိုက်ကူးထုတ်လုပ်ထားပြီး ယူကျူအင်တာနက် ဝက်ဘ်ဆိုက်မှာ တွေ့နိုင်ပါတယ်လို့ပြောပါတယ်။ မြန်မာစစ်အစိုးရကို ဆန့်ကျင်ရေး၊ မြန်မာ့ဒီမိုကရေစီရေးစတဲ့လှုပ်ရှားမှုတွေဆက်လက်ဆောင်ရွက်သွားဦးမှာပဲလို့ မစ္စတာဟိုအပါအဝင် ဆန္ဒပြသူတွေကပြောပါတယ်။

## တဘက်မှ

တယ်ပင်နဲ့ ရေပေါ်ကျေးရွာအုပ်စုတို့က တောင်သူတွေ လယ်အဖျက်ခံရတဲ့ကိစ္စနဲ့ပတ်သက်လို့ အရေးယူပေးပါလို့ ဒုဗိုလ်မှူးကြီးယုလွင်အောင်ကို တင်ပြရာမှာ သူ့မှာတိုက်ရိုက်အာဏာမရှိတဲ့အတွက် အရေးယူဆောင်ရွက်ဖို့ နေပြည်တော်ကိုပဲ ဆက်လက်တင်ပါမယ်လို့ ဖြေရှင်းတယ်လို့ ဆိုပါတယ်။ ၂ နှစ်တာအတွင်း အလုပ်အကိုင်ပျက်ခဲ့ရလို့ စားဝတ်နေရေးအခက်တွေ့ပြီး ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေလည်း ထိခိုက်ခဲ့တဲ့အတွက် လယ်ယာသိမ်းတဲ့ စစ်အရာရှိတွေကို အရေးယူဖို့နဲ့ နစ်နာမှုတွေအတွက် လျော်ကြေးပေးဖို့ ဆက်လက်တောင်းဆိုသွားမယ်လို့ တောင်သူတွေက ပြောပါတယ်။

# ဝေးလံတဲ့ထောင်တွေ သွားတွေ့ရတဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုတွေ အခက်ကံ

**DVB ၊ မတ်လ ၁၇ ။** ။ နိုင်ငံရေးအကျဉ်းသားမိသားစုတွေအနေနဲ့ ထောင်ဝင်စာသွားတွေ့ရမှာ အခက်အခဲမျိုးစုံနဲ့ရင်ဆိုင်နေရပါတယ်။ အမိက ကတော့ မိသားစုတွေနဲ့ဝေးတဲ့ ထောင်တွေကို ပို့ထားတာမို့ မိသားစုတွေအနေနဲ့ထောင်ဝင်စာသွားတွေ့ရာမှာ လမ်းစားရိတ်အကုန်အကျများတဲ့အပြင် ထောင်ဝင်စာတွေ့ရာမှာလည်း အာဏာပိုင်တွေရဲ့တင်းကျပ်တဲ့ စည်းမျဉ်းတွေကြောင့် အဆင်မပြေမှုတွေ ကြုံတွေ့နေကြရတာပါ။

မန္တလေးတိုင်း မိတ္ထီလာထောင်မှာ ရောက်နေရတဲ့ အင်းစိန်မြို့နယ် အဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုထွန်းထွန်းနိုင်ကို ထောင်ဝင်စာ သွားတွေ့ခဲ့တဲ့ ဇနီးသည် မအေး သက်က မနေ့က တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ပြောပြပါတယ်။

"ကျမတို့ ကျွေးတဲ့အစာတွေကို မသန့်ရှင်းဘူး၊ မလတ်ဆတ်ဘူး၊ ဝမ်းပျက်မှာစိုးလို့ ဆိုပြီးငြင်းဆန်တော့ စိတ်မကောင်းဘူးပေါ့။ သူတို့ဆီက တာလဘောဟင်းဆိုတာ ရေဆေးတာလည်း မဟုတ်ဘူး။

"သန့်ရှင်းမှုဆိုတာ ဘာမှမရှိဘူး။ ဒါတွေ ကျွေးတာကျတော့ ဘာမှမပြောဘူး။ ဒီကိစ္စတွေအားလုံး ထောင်ပိုင်ကြီးဦးချိုလွင်မှာပဲ တာဝန်ရှိတယ်။ ပထမဆုံးတခေါက်ပဲ အဆင်ပြေပြေ ပြောဆိုပြီး နောက်ပိုင်း ၃ ခေါက်မြောက်ရှိသွားပြီ၊ အဆင်မပြေဘူး။"

မိတ္ထီလာထောင်မှာ ကိုထွန်းထွန်းနိုင်နဲ့အတူ အရှင်ဆန္ဒာဝရ၊ ကိုထွန်းထွန်းဦး၊ ကိုညီဝင်း၊ ကိုမောင်စိန်၊ ဦးခင်မောင်ချစ်၊ စည်သူကိုစတဲ့ နိုင်ငံရေးအကျဉ်းသားတွေလည်းရှိနေပြီး သူတို့မိသားစုတွေလည်း အလားတူ အခက်အခဲတွေရင်ဆိုင်နေရပါတယ်။ မြန်မာပြည်အထက်ပိုင်းခန္တီးထောင်က သားဖြစ်သူ ဒီငြိမ်းလင်းကို သွားတွေ့ဖို့ ပြင်နေတဲ့ မိခင်ဖြစ်သူ ဒေါ်ဌေးဌေးဝင်းက…

"ကိုယ်သွားမှပဲ အခက်အခဲက သိရမယ်လေ။ သွားရင်းနဲ့ လမ်းကြောင်းအခြေအနေကြည့်ရမှာ။ ဒီကနေမုံရွာအထိကားစီး၊ မုံရွာကနေ ဟိုဘက်ကို ရှပ်ပြေး ပြန်စီးရတယ်တဲ့။ သွားရမှာ အဝေးကြီးပဲ တခါမှ မရောက်ဖူးဘူး" ။

သားဖြစ်သူ ဒီငြိမ်းလင်းကိုသွားတွေ့ပြီး အပြန်ကျမှ ခင်ပွန်းဖြစ်သူ ကိုဇော်ဇော်မင်းကို တောင်ငူထောင်မှာသွားတွေ့နိုင်တော့မယ်လို့ ဒေါ်ဌေးဌေးဝင်းကပြောပါတယ်။ မကြာသေးခင်ကမှ ကော့သောင်းထောင်ကိုသွားပြီး သားဖြစ်သူ ကိုပြုံးချိုကို ထောင်ဝင်စာတွေ့ခဲ့တဲ့ ဖခင်ဖြစ်သူ ဦးဝင်းမောင်က…

"ကော့သောင်းကို ကားနဲ့သွားတာ မုတ္တမမှာ တည၊ ထားဝယ်မှာ တည၊ မြိတ်မှာတည နောက်နေ့ အမြန်ယာဉ်နဲ့သွားတော့ ၂၄ ရက်နေ့မှာ ကော့သောင်းရောက်တယ်။ ကုန်ကျစရိတ်က အားလုံးခြောက်သောင်းကျော်ကျတယ်" လို့ ဆိုပြီး လမ်းခရီးကြမ်းတဲ့အတွက် သွားလာရတာ ပင်ပန်းတယ်လို့ ပြောပါတယ်။ ခုလို နှစ်ရှည်ထောင်တွေချပြီး မိသားစုတွေနဲ့ ဝေးလံတဲ့ထောင်တွေဆီ ပို့ထားတဲ့အပေါ် ဦးဝင်းမောင်က ဝေဖန်ပါတယ်။

"သူတို့ ဘယ်လိုပဲ အနှောင့်အယှက် ပေးပြီး စိတ်ညစ်အောင်လုပ်ပါစေ ကျနော်တို့ကတော့ ကြိုးစားပြီး သူတို့ရဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး သိရအောင်သွားရတာပဲ။ ဘာမှအပြစ်မရှိဘဲ ထောင်ဒဏ်တွေ မတန်တဆချ၊ ရှေ့နေငှားခွင့်၊ ချေပခွင့်မရ၊ ပို့ထားတဲ့နေရာတွေကလည်း ဝေးလံတဲ့နေရာတွေဆိုတော့ သူတို့လည်း စိတ်အနှောင့်အယှက် ဖြစ်ရသလို မိသားစုတွေမှာလည်း ငွေကုန်ကြေးကျ များတဲ့အပြင် ဒုက္ခတွေလည်းရောက်ရတယ်။ ဒီလိုမျိုးတွေမဖြစ်သင့်ဘူးလို့ ကျနော် ယူဆတယ်။"

---

**စာမျက်နှာ ၅ မှ**

တင်ပြတောင်းဆိုထားကြောင်း မိသားစုဝင်တဦးကပြောပါသည်။ အင်းစိန်ထောင်မှလွဲ၍ မြန်မနိုင်ငံအနှံ့က စစ်အစိုးရအကျဉ်းထောင်များ သောက်ရေသန့်သောက်သုံးသည့်အလေ့အထမရှိဘဲ ထောင်တွင်းတူးဖော်သည့်ရေတွင်းများမှ ရေကိုသာ သောက်သုံးလေ့ရှိသည်။

အကျဉ်းထောင်အများစုကို မြန်မာနိုင်ငံအားဗြိတိသျှအစိုးရအုပ်ချုပ်ခဲ့စဉ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အကျဉ်းသားများသောက်သုံးသည့်ရေထဲတွင် ခဲဓါတ်ပါဝင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်သတင်းဖြစ်ပေါ်ခဲ့သော်လည်း အစိုးရတာဝန်ရှိသူများက စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့်ညီ မညီ သောက်သုံးရန်သင့် မသင့် စသဖြင့် သတင်းထုတ်ပြန်ခြင်းမျိုးမရှိဘူးဟု အကျဉ်းဦးစီးဌာနအရာရှိတဦးကပြောပါသည်။

ကိုသူရ ခေါ် ဇာဂနာသည် နာဂစ်မုန်တိုင်းဒဏ်ခံပြည်သူများကို ကယ်ဆယ်ရေးလုပ်ခဲ့ခြင်းကြောင့် စစ်အစိုးရက အခြားသောပုဒ်မများတပ်ပြီး ထောင်ဒဏ် ၅၉ နှစ်ချမှတ်ထားခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း အယူခံဝင်သည့်အတွက် ထောင်ဒဏ် ၂၄ နှစ်လျော့ချခံရပြီး လက်ရှိထောင်ဒဏ် ၃၅ နှစ်ဖြင့် မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းကျခံနေရခြင်းဖြစ်ပါသည်။

---

# ခန္ဓာကိုယ် ခွဲစိတ်ပြုပြင်မှုတွေများလာ

**DVB ၊ မတ်လ ၁၆ ။** ။ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ကျန်းမာရေးဝန်ကြီးဌာနခွင့်ပြုချက်မရှိဘဲ မျက်နှာအပါအဝင် ခန္ဓာကိုယ်ခွဲစိတ်ပြုပြင်မှုတွေ ပြုလုပ်ပေးနေတဲ့ အလှပြုပြင်ရေးဆိုင်တွေ ရှိနေတယ်လို့သိရပါတယ်။

မျက်နှာနဲ့ ရင်သားအပါအဝင် ခန္ဓာကိုယ် ခွဲစိတ်ပြုပြင်တဲ့ အလှပြင်ဆိုင်တွေ ရန်ကုန်မြို့မှာ ပိုမိုများပြားလာနေပါတယ်။ ဒါပေမယ့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ တရားဝင်ခွင့်ပြုချက်မယူဘဲ ဖွင့်တဲ့ဆိုင်တွေက များနေတာပါ။ ခန္ဓာကိုယ် ခွဲစိတ်ပြုပြင်ပေးနေတာနဲ့ ပတ်သက်ပြီး အလှဖန်တီးရှင်တဦးက…

"ရန်ကုန်မှာ ဆာကူရာဆေးရုံမှာ ရတယ်။ ဘန်ကောက်ဆေးရုံမှာလည်း ရတယ်။ ခွဲစိတ်ပြုပြင်ခတွေက ၄ သိန်း၊ ၅ သိန်းနဲ့ ၈ သိန်း။ စျေးအကြီးဆုံးက ၈ သိန်း" လို့ ပြောပါတယ်။ မျက်နှာအစိတ်အပိုင်း၊ ရင်သားနဲ့တခြားခန္ဓာကိုယ်အမျိုးသမီး အပျိုရည်အမြှေးပါးအစားထိုးတာမျိုးတွေပါ လုပ်ပေးနေတဲ့ ဆိုင်မျိုးတွေရှိတယ်လို့လည်း အဲဒီအလှဖန်တီးရှင်က ရှင်းပြပါတယ်၊ ဒါပေမယ့် ဆိုင်အများစုဟာ တရားဝင်ခွင့်ပြုချက်မရှိတာမို့ ခွဲစိတ်ကုသမှုတိုင်း အောင်မြင်မှုမရဘဲ မကြာခဏ ပြဿနာတက်တယ်လို့လည်း သူက ပြောပါတယ်။ အာမခံချက်လည်းမရှိ ကျမ်းမာရေးဝန်ကြီးဌာနရဲ့ တရားဝင်ခွင့်ပြုချက်တွေမပါဘဲ ခန္ဓာကိုယ်ခွဲစိပ်ပြုပြင်နေတာတွေနဲ့ ပတ်သက်ပြီး ကိုကိုအလှပြုပြင်ရေးက ဦးကိုကိုက သူ့အမြင်ကို ပြောပါတယ်။

"အဲ့ဒါတွေက အရင်ထက်စာရင် နည်းနည်းများလာတယ်။ ကျွမ်းကျင်တဲ့ဆရာဝန်နဲ့ပဲ ကျနော်ပြောမယ်။ မျက်နှာဆိုရင် စကင်နဲ့ပတ်သက်တဲ့ ဘွဲ့ရထားတဲ့သူ၊ ပရော်ဖက်ရှင်နယ်ဖြစ်ရမှာပေါ့။ တကယ့် နိုင်ငံခြားကနေသင်လာတဲ့ ဆရာဝန်မျိုးပဲဖြစ်သင့်ပါတယ်။ ဒီအတိုင်းပဲ ခန့်မှန်းကုသတာတို့၊ ခွဲစိတ်တာတို့ ကိုသိပ်ပြီးတော့ လက်မခံချင်ဘူး။"

အာမခံချက်မရှိဘဲ ခွဲစိတ်ပြုပြင်တာတွေဟာ လူ့ခန္ဓာကိုယ်ကို ပျက်စီးသွားစေနိုင်တာမို့ ဆင်ခြင်သင့်တယ်လို့လည်း သူကပြောပါတယ်။ ခန္ဓာကိုယ်ခွဲစိတ်တာတွေဆိုရင် ကိုယ်ပိုင်ဆေးခန်းတွေမှာ လုပ်ခွင့်မရှိဘဲ ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားတဲ့ ဆေးရုံတွေမှာသာ ခွဲစိတ်ခွင့်ရှိတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတဦးက ပြောပါတယ်၊ ဆေးပညာအရဆိုရင်လည်း လုပ်သက်ရင့်ဆရာဝန်တွေ၊ ပါရဂူအဆင့်မျိုးရှိတဲ့ ဆရာဝန်တွေပဲ ခွဲစိပ်ကုသပေးခွင့်ရှိတယ်လို့ သူကပြောပါတယ်။ မျက်နှာနဲ့ ခန္ဓာကိုယ်အလှပြုပြင်လိုသူတွေအနေနဲ့ သေချာသတိထားစိစစ်ပြီးမှ ကုသမှုခံယူသင့်တယ်လို့ အဲဒီကျန်းမာရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိက ပြောပါတယ်။

# သတင်းတိုထွေဖတ်စရာကဏ္ဍ

**ကျော်စံကွေး**



## မြန်မာပြည်က ကျောက်မျက်ပြပွဲ

မတ်လ ၈ ရက်နေ့ကနေ မတ်လ ၂၀ ရက်နေ့အထိ မြန်မာ့ကျောက်မျက်ပြပွဲကို ကျင်းပခဲ့ပါတယ်။ အဲဒီမှာ နအဖကနေ မြန်မာ့ကျောက်မျက်တွေကို ရောင်းချခဲ့ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေကို ဖိတ်ကြားရာမှာ မြန်မာ့ကျောက်မျက်တွေကို စိတ်ဝင်စားတဲ့ကုမ္ပဏီတွေဆီကို သက်ဆိုင်ရာ နအဖသံရုံးတွေက ဆက်သွယ်ပြီးဖိတ်ကြားတာလို့သိရပါတယ်။ **(MIZZIMA, 17.3.2009)**

---

## မြန်မာ့ကျောက်မျက်အခက်တွေ့

အမေရိကန်ရဲ့မြန်မာ့ကျောက်မျက်တွေကို သူ့နိုင်ငံထဲ မသွင်းရဆိုတဲ့ စီးပွားရေးပြစ်ဒဏ်ခတ်မှုကြောင့် မြန်မာ့ကျောက်မျက်လုပ်ငန်းထိခိုက်လာနေပါတယ်။ လုပ်သားအင်အားစုစုပေါင်း ၅ သိန်းကျော်တို့ခက်ခဲလာမှာဖြစ်ပါတယ်။ **(BBC,19.3.2009)**

---

## ဘင်္ဂလားနယ်စပ်လုံခြုံရေးတိုး

နယ်နိမိတ်ကိစ္စနဲ့ပတ်သက်ပြီး နအဖနဲ့ ဘင်္ဂလားဒေ့ရှ်တို့ တင်းမာခဲ့တာ လအနည်းငယ်ရှိနေပါပြီ။ အခုအခါ ပြန်လည်တင်းမာလာနေပြီး နအဖက တရုတ်နိုင်ငံလုပ်စစ်ရေယာဉ်တွေကို နယ်နိမိတ်စည်းမျဉ်းအထိ ချထားတယ်လို့ သိရပါတယ်။ **(AFP, 17.3.2009)**

---

## ပြည်ပကုန်သွယ်ရေးတိုးတက်

၂၀၀၈ ခုနှစ် မြန်မာပြည်ရဲ့ပြည်ပကုန်သွယ်မှုတိုးတက်လာတယ်လို့ နအဖစာရင်းအင်းတွေက ဖော်ပြနေပါတယ်။ စုစုပေါင်း ၁၀.၃၄ ဘီလီယံဒေါ်လာတန်ဖိုးရှိပြီး ဒီမတိုင်မီနှစ်ကထက် ၁၆.၇ ရာခိုင်နှုန်းတိုးတက်လာတယ်လို့ဆိုပါတယ်။
**(AP , 20.3.2009)**

---

## အီးယူရဲ့ကုန်သွယ်ရေးပေါ်လစီ

အီးယူဟာ အာဆီယံနဲ့ပတ်သက်တဲ့သူ့ရဲ့ကုန်သွယ်ရေးပေါ်လစီကို အဖွဲ့အပေါ်မှာ ထားရှိတော့မှမဟုတ်ပဲ၊ နိုင်ငံအလိုက်ပဲထားရှိတော့မယ်လို့ သိရပါတယ်။ အာဆီယံတဖွဲ့လုံးနဲ့ဆိုရင် တိုးတက်မှုနှေးကွေးပြီး အဖွဲ့ဝင်တနိုင်ငံချင်းအလိုက်ဆိုရင် မြန်ဆန်သွက်လက်တိုးတက်လာမယ်လို့ယူဆတယ်လို့ ဆိုပါတယ်။ မြန်မာပြည်ကို အကြောင်းပြုပြီး အီးယူနဲ့ အာဆီယံဆက်ဆံရေးဟာ ထိခိုက်နေပါတယ်။
**(AFP,203.2009)**

---

## မြန်မာ့လေကြောင်းခရီးပြန်စမည်

စင်္ကာပူ၊ ထိုင်း၊ ကွာလာလမ်ပူကို ပျံသန်းပြေးဆွဲနေတဲ့ ခရီးစဉ်တွေကို ရပ်နားထားရာကနေ ပြန်လည်ပြေးဆွဲတော့မယ်လို့ မြန်မာ့လေကြောင်းလိုင်း MAI က ပြောပါတယ်။ MAI ဟာ စင်္ကာပူက Region Air နဲ့ ပေါင်းစပ်ပြီး ၁၉၉၃ မှာ ဖွင့်လှစ်ထားတာပါ။ **(XINHUA, 20.3.2009)**

---

## မြန်မာ့အရေးနိုင်ငံတကာအဆင့်

ဂျနီဗာမှာကျင်းပတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ မြန်မာနိုင်ငံထဲအကျဉ်းထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေထောက်ပြပြီး နိုင်ငံတွင်းမှာ နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ရှိတယ်လို့ ကုလသမဂ္ဂသို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တရုတ်ကလည်း မြန်မာနိုင်ငံတွင်းမတည်ငြိမ်မှုတွေဟာ ဒေသတွင်းကနေတဆင့် ကမ္ဘာ့အဆင့်ထိရောက်နိုင်ခြေရှိတယ်၊ ဒါကြောင့် မြန်မာ့အရေးကို ကူညီဖို့မေတ္တာရပ်ခံပါတယ်။
**(IRRAWADDY,20302008)**

---

## စုစုနွေး ကလေးဆေးရုံမှာ

လူ့အခွင့်အရေးလှုပ်ရှားသူ၊ အဓမ္မလုပ်အားစေခိုင်းမှုဆန့်ကျင်လှုပ်ရှားသူ စုစုနွေးကို ချင်းပြည်နယ် ကလေးဝမှာရှိတဲ့ဆေးရုံတရုံကို တက်ရောက်ကုသခံနေရတယ်လို့ သိရပါတယ်။ အမိကကတော့ နှလုံးရောဂါနဲ့ပတ်သက်တာပါ။ ထောင်ထဲမှာ အချိန်ကြာရှည်စွာနေနေရတဲ့အကျိုးဆက်အဖြစ်နဲ့ အခုလိုဖြစ်ရတာပါ။
**(IRRAWADDY, VOB, 203.2009)**

---

**စာမျက်နှာ ၆ မှ**

ဒီမိုကရေစီထွန်းကားလာအောင် အလွယ်တကူနဲ့ပြောင်းလဲလို့ မရဘူးဆိုတာပါပဲ။ အဓိကအချက်ကတော့ ကျနော်တို့တတွေအားလုံးက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့ ရလဒ်အားလုံးကို လက်ခံနိုင်မှအောင်မြင်နိုင်မယ်ဆိုတာပဲ။ အဲဒီအထဲမှာ နိုင်ငံရေးအင်အားစုတွေကြားမှာ အာဏာမျှဝေကျင့်သုံးတာတွေဟာ နည်းဗျူဟာတခုအနေနဲ့ပါဝင်လာပါလိမ့်မယ်။ ဦးစားပေးလုပ်ဆောင်ရမယ့် ဗျူဟာတွေ၊ ထိတွေ့ဆက်ဆံမှုတွေ၊ ပြောင်းညွှတ်လွယ်မှုတွေလိုအပ်သလို အကြောင်းကိစ္စတရပ်တည်းကိုပဲ အခြေပြုပြီး အသေဆုပ်ကိုင်ထားမှုတွေကိုလည်း မကျင့်သုံးမိစေဖို့ လိုအပ်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဒေါ်လာ ဘီလီယံနဲ့ချီပြီး သုံးနေခဲ့ပါတယ်။ ဒါပေမဲ့ ဒီကနေ့အထိ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီအတွက်အာမခံချက်မရှိသေးပါဘူး။ သိသာမြင် နိုင်တဲ့အရာက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ မသေသေးပါဘူး၊ ဒါပေမဲ့ ယိုင်နဲ့နေတာကတော့ အမှန်ပါပဲ၊ အကြောင်းအချက် တခုတည်းကြောင့်တော့မဟုတ်ပါဘူး။ ပြည်တွင်းနိုင်ငံရေး စီးပွားရေး လူမှုရေးအခြေအနေ၊ သမိုင်းနောက်ခံ၊ လူမျိုးစုအရေး၊ ဒီမိုကရေစီယဉ်ကျေးမှု၊ ဒေသန္တရနိုင်ငံရေးအခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း၊ ပြည်သူတွေရဲ့နိုင်ငံရေးတွေးခေါ်မှုဆိုင်ရာအဆင့်အတန်း (တနည်းအားဖြင့် ပညာရေးအဆင့်)တွေဟာ အရေးပါတဲ့ ထည့်သွင်းစဉ်းစားရမယ့်အချက်တွေဖြစ်ပါတယ်။ ဒီလိုပဲ စောစောပိုင်းက ပြောသွားတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့ တန်ဆာပလာကိရိယာတွေကို အံဝင်ခွင်ကျ ဖော်ဆောင်အသုံးချနိုင်မှု စတာတွေအပေါ်မှာလည်း မူတည်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုတာက လူမှုအဖွဲ့အစည်းတခုလုံးကို ပြောင်းလဲရတဲ့အလုပ်ဖြစ်တဲ့အတွက် လူတိုင်းလူတိုင်းက အသိစိတ်ကိုယ်စီနဲ့ ပါဝင်လုပ်ကိုင်နိုင်ရေးဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။

# ရှမ်းပြည်မြောက်ပိုင်းမှာ ပြည်သူ့စစ်မဖွဲ့မနေရ အာဏာပိုင်များက ဖွဲ့ခိုင်း

**RFA ၊ မတ်လ ၁၈ ။** ။ ရှမ်းပြည်မြောက်ပိုင်းမှာ မနှစ် ၂၀၀၈ ခုနှစ် အကုန်ပိုင်းလောက်ကစပြီး ပျဉ်းမနား နေပြည်တော်အမိန့်နဲ့ မြို့နယ်အာဏာပိုင်တွေကနေတဆင့် ကျေးရွာတိုင်းပြည်သူ့စစ် မဖွဲ့မနေရ ဖွဲ့ခိုင်းနေတယ်လို့ သိရပါတယ်။

ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကိုအတိအကျမသိရပေမယ့် ဒေသခံတွေကတော့ ၂၀၁၀ ရွေးကောက်ပွဲနဲ့သက်ဆိုင်တယ်လို့ ယူဆနေကြပါတယ်။ ရှမ်းပြည်မြောက်ပိုင်း ပလောင်တိုင်းရင်းသားဒေသ မန်တုံမြို့နယ်အတွင်းမှာတော့ လွန်ခဲ့တဲ့လတွေကတည်းက ဖွဲ့စည်းခိုင်းခဲ့တာပါ။ နောက်ပိုင်းမှာတော့ မူဆယ်၊ နမ့်ခမ်းဒေသတွေအထိ ဖွဲ့စည်းခိုင်းလာတာပါ။ ဒီအကြောင်းအသေးစိတ်ကို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုမိုင်ဖုန်းကျော်က RFA ကိုအခုလိုပြောပြပါတယ်။

“နမ့်ခမ်း မယက ဖွဲ့ခိုင်းတယ်၊ မူဆယ် မယက ဖွဲ့ခိုင်းတယ်၊ ဒါပေမယ့် အမိန့်က နေပြည်တော်ကလာတယ်။ အဲဒီမှာရွာလူကြီးတွေခေါ်တယ် ခေါ်ပြီးတော့ အိမ်ခြေ ၁၀၀ လောက်ရှိတယ်ဆိုရင် ပြည်သူ့စစ်အနည်းဆုံး ၅ ယောက်ဖွဲ့ရမယ်။ အဲဒီလိုညွှန်ကြားတာပေ့ါ။ မဖွဲ့မနေရအိမ်ခြေ ၂၀၊ ၃၀ လေး ငါးဆယ်ရှိတဲ့ရွာတွေကသူတို့ လေး ငါးရွာစုပြီးတော့အခုဖွဲ့နေတယ်။ တောက်လျှောက်ဖွဲ့နေတယ်။ အဲဒီနမ့်ခမ်းနားလေးက ပလောင်ရွာတလျှောက် ရှမ်းရွာတွေရော၊ ပလောင်ရွာတွေတင်မကဘူး နမ့်ခမ်းနဲ့မူဆယ်က ဒီဇင်ဘာလကနေစတင်ပြီးတော့ အခု ၃ လရှိပြီဖွဲ့ခိုင်းတာ၊ တချို့ရွာတွေက အကုန်ဖွဲ့ပြီးသွားပြီ တချို့ရွာတွေကဖွဲ့နေဆဲဘဲခင်ဗျ။”

ပြည်သူ့စစ်တွေကိုဖွဲ့စည်းရတဲ့ရည်ရွယ်ချက်အတိအကျကို အာဏာပိုင်တွေကဒေသခံကို ဘာမှရှင်းမပြဘဲ ကိုယ့်လုံခြုံရေးကိုယ်ဘဲယူထားဘို့ပြောတယ်လို့ သိရပါတယ်။ အဲဒီလိုဖွဲ့စည်းပြီးတဲ့အခါမှာ ပြည်သူ့စစ်တွေကိုလက်နက်တပ်ဆင်ပေးတာတော့မရှိဘဲ ဒေသတွင်းသုံးနေတဲ့ လက်လုပ်တူမီးသေနတ်တွေကိုဘဲ ကိုင်ဆောင်ခွင့်ပေးထားတယ်လို့လည်း ဒေသခံတယောက်ပြောပါတယ်။

ရှမ်းပြည်မြောက်ပိုင်းမှာရှိတဲ့ ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်း တိုင်းရင်းသားအဖွဲ့အနေနဲ့ မြန်မာစစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့အဖွဲ့ဖြစ်သလို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်ကလည်း မြန်မာစစ်အစိုးရထံ ၂၀၀၅ ခုနှစ်မှာ လက်နက်ချပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်တွေက ဘယ်သူ့ကို ကာကွယ်ဘို့ဖွဲ့စည်းရတာလဲလို့ ကိုမိုင်ဖုန်းကျော်ကို ဆက်လက်မေးမြန်းတော့ အခုလို ပြောပြပါတယ်။

“ပြီးခဲ့တဲ့ ရီဖရင်ဒန်မှာ သူတို့စည်းရုံးရေးတွေလုပ်တဲ့အချိန်မှာ နမ့်ခမ်းရော ကြူကုတ်၊ ပန်ဆိုင်းဘက်မှာရော စည်းရုံးရေးလုပ်တဲ့ကြံ့ခိုင်ရေးအဖွဲ့တွေကို လက်နက်ကိုင်တဲ့အဖွဲ့တွေက ဝင်လုပ်ကြံတာတွေရှိတယ်လေ။ ဒီ ၂၀၁၀ ရွေးကောက်ပွဲမှာ သူတို့အဲဒါမျိုးတွေဖြစ်မှာနည်းနည်းကြောက်တယ်နဲ့တူပါတယ်၊ အဲဒါကြောင့်ကြိုတင်ပြီးတော့ပြည်သူ့စစ်တွေဖွဲ့တယ်၊ ပြည်သူ့စစ်တွေကလည်း လစာပေးမယ်ဆိုတော့ အကုန်လုံးကပြည်သူ့စစ်က သူတို့ရဲ့လက်ကိုင်တုတ်ပုံစံတွေပေ့ါ။ မဖွဲ့ချင်ပေမယ်လည်း ဖွဲ့ရတယ်လေ၊ တချို့မပါချင်ဘူး ဒါပေမယ့် အဲဒီရွာမှာဆိုရင် အစည်းအဝေးထိုင်ပြီး မဲနှိုက်ရတယ် မဖွဲ့ချင်လဲရတယ်။”

၂၀၀၈ ခုနှစ်၊ မေလ မှာ မြန်မာစစ်အစိုးရရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အတည်ပြုနိုင်ဘို့အတွက် ပြည်သူလူထုကိုဖိအားပေးပြီး ထောက်ခံမဲထည့်ခိုင်းတာတွေ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေကတဆင့် လူထုအကြားစည်းရုံးတာတွေရှိခဲ့ပေမယ့် မူဆယ်၊ နမ့်ခမ်းဒေသကရွာတွေမှာ ကန့်ကွက်မဲများခဲ့ကြောင်းသိရပါတယ်။

# ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အဲန်ဒီအေ–ကေ လက်နက်ချရန်အသင့်ရှိ

**Mizzima ၊ မတ်လ ၁၉ ။** ။ ၂၀၁၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ အပြီးပေါ်ပေါက်လာမည့်အစိုးရအသစ်က လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်ရန်ပြောလာပါက သူတို့အနေဖြင့် အဆင်သင့်ရှိကြောင်း တရုတ်–မြန်မာအခြေစိုက် ကချင်တိုင်းရင်းသားသူပုန်အဖွဲ့တခုက ကြေညာလိုက်ပါသည်။

သူတို့၏တောင်းဆိုချက်များရရှိမည်ဟုသေချာပါက လက်နက်ချရန်အသင့် ရှိနေကြောင်းဖြင့် ဒီမိုကရေစီသစ်တပ်မတော်–ကချင် (NDA-K) ကိုတည်ထောင်သူနှင့် ခေါင်းဆောင်ဖြစ်သူ စခုန်တိန်ယိမ်းကအင်္ဂါနေ့ကပြောဆိုလိုက်ခြင်းဖြစ်ပါသည်။ NDA-K သည် ထိုအချိန်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ SLORC နှင့် ပထမဆုံးအပစ်ရပ်ရေးသဘောတူညီချက်ရရှိခဲ့သော ကချင်လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ၁၉၈၉ ခုနှစ်ကသဘောတူခဲ့သည်။

“ကျနော်တို့က ကျနော်တို့ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ကျနော်တို့အခွင့်အရေးအတွက်တိုက်ပွဲဝင်နေတာပါ။ ဒီအခွင့်အရေးတွေရမယ်ဆိုတဲ့အာမခံချက်ရှိရင် ကျနော်တို့ကဘာဖြစ်လို့လက်နက်ကိုင်တော်လှန်ရေးဆက်လုပ်နေဦးမှာလဲ” ဟု ဦးတိန်ယိမ်းကပြောပါသည်၊ သူပုန်ခေါင်းဆောင်သည် သူတို့၏တောင်းဆိုချက်များကို ရွေးကောက်ခံအစိုးရသစ်က ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟူသောလေသံဖြင့် ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

“ကျနော်တို့လက်နက်ချဘို့ကဖြစ်နိုင်ခြေရှိပါတယ်၊ ဒါပေမယ့် တချိန်တည်းမှာ ကျနော်တို့ရဲ့တောင်းဆိုချက်တွေ ဆန္ဒတွေပြည့်ဝရပါစေမယ်ဆိုတာတော့ မြင်ရဘို့လိုတယ်” ဟု သူကဆက်ပြောပါသည်၊ မြန်မာစစ်အစိုးရသည် မကြာသေးခင်လများက အပစ်အခတ်ရပ်တိုင်းရင်းသားလက်နက်ကိုင် သူပုန်အဖွဲ့အားလုံးကို ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲမတိုင်မီ လက်နက်ချရန်ဖိအားပေးမှုများတို့မြှင့်လုပ်ခဲ့သည်။ သူတို့တပ်ဖွဲ့များကို နိုင်ငံရေးပါတီများအဖြစ် အသွင်ပြောင်းလဲ၍ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန်လည်း တိုက်တွန်းခဲ့သည်ဟု သတင်းရပ်ကွက်များက ပြောပါသည်။

သို့သော် စစ်အစိုးရသည်ယခုအထိ မည်သည့်ငြိမ်းချမ်းရေးအဖွဲ့ကိုမျှ လက်နက်ချရန်နားမချနိုင်သေးပါ။ ၎င်းတို့ပြည်သူလူထု၏လုံခြုံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးတိုးတက်ဖွံ့ဖြိုးမှုတို့အတွက် တိုက်ပွဲဝင်နေပါသည်ဟုဆိုသော NDA-K သည် သူတို့၏မျှော်လင့်ချက်များအားလုံး ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ထွန်းလာမည့်အစိုးရသစ် တာဝန်ယူသည့်အချိန်တွင် အကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်ကြောင်းပြောပါသည်။

တရုတ်–မြန်မာနယ်စပ်တလျှောက် ကချင်ပြည်နယ်အရှေ့မြောက်နယ်မြေတွင်အခြေစိုက်သော NDA-K ကို ယခင် ကချင်လွတ်လပ်ရေးအဖွဲ့ KIO အရာရှိများဖြစ်သော စခုန်တိန်ယိမ်းနှင့် လယောက်ဇော်လွန်းက ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြသည်၊ သို့သော် သတင်းရပ်ကွက်များကမူ NDA-K သည် အပစ်အခတ်ရပ်သဘောတူညီချက်ရရှိပြီးနောက် နိုင်ငံရေးထက်စီးပွားရေးကိုသာ ပိုမို အာရုံစိုက်လုပ်ဆောင်ခဲ့ကြောင်းနှင့် အချိန်ပြည့် လက်နက်ကိုင်ကေဒါများကို ဆက်လက်ထိန်းသိမ်းထားခြင်းမျိုး မရှိတော့ကြောင်းပြောပါသည်။

NDA-K သည် စစ်ရေးနှင့်နိုင်ငံရေးတွင် အင်အားချိနဲ့သွားပြီဖြစ်ကြောင်းလည်း အဆိုပါသတင်းရပ်ကွက်ကဖြည့်စွက်ပြောကြားပါသည်။ “သူတို့က လူထုအတွက်တာဝန်ယူတော့တာလည်းမဟုတ်တော့ လူထုရဲ့ဘဝသာယာစိုပြေရေးဆိုတာလည်း စိတ်ဝင်စားတော့တာမဟုတ်ဘူး။ ဒါကြောင့် သူတို့ပြောတာတွေကလည်း ဘာမှအရေးမပါပါဘူး။” ဟု ဤအဖွဲ့နှင့်နီးစပ်သူ အခြားသတင်းရပ်ကွက်တခုက မဇ္ဈိမကို ပြောပါသည်။

**တဘက်သို့**

# ကိုရီးယားနှင့်မလေးရှားနိုင်ငံတို့က တံတားနီနေ့ အထိမ်းအမှတ်များ

**DVB ၊ မတ်လ ၁၆ ။** ။ ဒီနေ့ကျရောက်တဲ့ တံတားနီနေ့ အထိမ်းအမှတ်အတွက်အကြိုဆန္ဒပြပွဲနဲ့ မြန်မာ့လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်ပွဲတွေကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ နအဖသံရုံးရှေ့နဲ့ မလေးရှားနိုင်ငံမှာ မနေ့က တပြိုင်နက်တည်းကျင်းပခဲ့ကြပါတယ်။

မတ်လ ၁၃ ရက်ဟာ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဘုန်းမော် ကျဆုံးခဲ့တဲ့ မြန်မာ့လူ့အခွင့်ရေးနေ့ဖြစ်သလို မတ်လ ၁၆ ဟာလဲ ကျောင်းသားတွေကို အင်းလျားကန်ဘောင် တံတားနီအနီးသတ်ခဲ့တဲ့ တံတားနီနေ့ဖြစ်ပါတယ်။ ဒီနေ့ရက်တွေ အထိမ်းအမှတ်အဖြစ် တောင်ကိုရီးယားရောက် မြန်မာတွေက ဆိုးလ်မြို့ နအဖသံရုံးရှေ့မှာ မနေ့မနက် ၁၁ နာရီက ဆန္ဒပြကြပါတယ်၊ နအဖသံရုံးရှေ့မှာ ဆန္ဒပြကြရတဲ့ အကြောင်းရင်းက…

"မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ ကိစ္စတွေ ချက်ချင်းရပ်တန်းကရပ်ဖို့၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ချွင်းချက်မရှိ လွတ်မြောက်ဖို့ဖြစ်တယ်" လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲဥက္ကဋ္ဌ ဦးအောင်မြင့်ဆွေက ပြောပါတယ်။ တံတားနီနေ့ နဲ့ပတ်သက်ပြီးတော့

"အဲဒီနေ့မှာ ထောင်ထဲကို အသီးသီးရောက်သွားတယ်။ တချို့တွေက အဲဒီနေ့မှာပဲ ပွဲချင်းပြီး သေခဲ့ရပါတယ်။ ကျနော်တို့သိတဲ့တံတားဖြူဟာ မတ်လ ၁၆ ရက်နေ့မှာ သမိုင်းဝင်တံတားနီနေ့ဖြစ်ခဲ့ရပါတယ်။ မတ်လရဲ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့တာလည်း ဒီမတ်လပါပဲ" လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲ ဒုဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောပါတယ်၊ မြန်မာ့နိုင်ငံရေးအကျဉ်းသားတွေအကြောင်း ဓာတ်ပုံပြပွဲနဲ့ နိုင်ငံရေးအကျဉ်းသားလွတ်ပေးရေးဆန္ဒပြုလက်မှတ်ရေးထိုး လှုပ်ရှားမှုဖွင့်ပွဲ၊ သတင်းစာရှင်းပွဲကိုလည်း မနေ့က တပြိုင်နက်တည်း ပြုလုပ်ခဲ့ပါတယ်။

အလားတူ မြန်မာ့လူ့အခွင့်အရေးနေ့ အခမ်းအနားတခုကို မလေးရှားနိုင်ငံမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ မလေးရှားဌာနခွဲပြုလုပ်ခဲ့တယ်လို့ မလေးဌာနခွဲ ဥက္ကဋ္ဌကိုကျော်ကျော်က ပြော ပါတယ်။

"မနေ့က မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ရယ်၊ တံတားနီနေ့ အထိမ်းအမှတ်ရယ်၊ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးပွဲရယ်ကို တပြိုင်နက်တည်း ကျင်းပပြုလုပ်လိုက်တယ်။ ၁၁ နာရီလောက်မှာ ကိုဖုန်းမော်အတွက် ၂၁ နှစ်မြောက် ဘုန်းကြီးဆွမ်းကပ်ပြီး နေ့ခင်း ၁ နာရီလောက်မှာ အခမ်းအနားကို စတင်ကျင်းပလိုက်တယ်။"

နိုင်ငံရေးအကျဉ်းသားများလွတ်ပေးရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုကို နောက် ရက်ပေါင်း ၇၀ ကြာအောင် နိုင်ငံတကာမှာ ဆက်လက် လုပ်ဆောင်နေကြဦးမှာလို့ သိရပါတယ်။

# ဝါရှင်တန်က တံတားနီအထိမ်းအမှတ်

**DVB ၊ မတ်လ ၁၇ ။** ။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ က နအဖ သံရုံးရှေ့မှာ မြန်မာ့ဒီမိုကရေစီအင်အားစုတွေ စုပေါင်းပြီး တံတားနီနေ့ အထိမ်းအမှတ်ဆန္ဒပြပွဲတခု မနေ့က ပြုလုပ်ပါတယ်။

ဒီဆန္ဒပြပွဲကို အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့နဲ့ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ပူးပေါင်းပြုလုပ်တာ ဖြစ်ပါတယ်။ အခုအချိန်ဟာ တိုင်းပြည်နဲ့လူထုကို တရားဝင်စစ်ကျွန်ပြုနိုင်ရေး အတွက် လုပ်ဆောင်နေတဲ့ နအဖရဲ့ကြိုးပမ်းချက်တွေကို တားဆီးနိုင်ဘို့ အရေးအကြီးဆုံးအချိန်ဖြစ်ကြောင်း၊ တာဆီးနိုင်ရေးဟာလည်း တမျိုးသားလုံးရဲ့တာဝန်ဖြစ်ကြောင်း အာဏာရှင်စံနစ် ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်လည်းဖြစ်၊ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌလည်း ဖြစ်သူ ကိုရွှေစင်ထွန်းက ပြောပါတယ်။

"အခုလောလောဆယ်အချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီတို့ကနေ အခိုင်အမာတောင်းဆိုထားတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွတ်ပေးရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး အကြောင်းအရာတွေအတွက် အာဏာရှင်စံနစ်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးအဖွဲ့ အနေနဲ့ရော မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ အနေနဲ့ပါ အပြည့်အဝထောက်ခံကြောင်း ဖေါ်ပြအပ်ပါတယ်"။

"ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကြီးမှာ တက္ကသိုလ်ကျောင်းသားတွေရဲ့ ပူးပေါင်းပါဝင်ခြင်းဟာ အောင်မြင်ခြင်းရဲ့အသက်သွေးကြောဖြစ်သလို ပြည်သူပြည်သားအားလုံးသာမကဘဲနဲ့ တပ်မတော်ထဲမှာ ပါဝင်အမှုထမ်းနေကြတဲ့ အရာရှိ အရာခံ၊ အကြပ်၊ တပ်သားအားလုံးနဲ့ ဝန်ထမ်းအမှုထမ်းတွေအားလုံးပါ စစ်အာဏာရှင်စနစ်အောက်ကနေ လုံးဝလွတ်မြောက်ရေးအတွက်ဖြစ်တယ်ဆိုတာ အလေးအနက် သိစေအပ်ပါတယ်။"

အခုလိုအချိန်မျိုးမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီတို့ရဲ့နိုင်ငံရေးရပ်တည်မှု၊ တောင်းဆိုမှုများနဲ့အတူ တပါတည်းပူးပေါင်းခိုင်မာစေဖို့ မေတ္တာရပ်ခံကြောင်းကိုလည်း တံတားနီနေ့အထိမ်းအမှတ်ဆန္ဒပြပွဲမှာ ကိုရွှေစင်ထွန်း က ပြောသွားပါတယ်။

# စပွန်ဆာပေး ကြော်ငြာမှု ခေတ်စား

**DVB ၊ မတ်လ ၁၆ ။** ။ ရန်ကုန်မှာ ပွဲတွေကို စပွန်ဆာပေးတဲ့ကိစ္စ စတင်ပေါ်လာခဲ့တာ ၁၉၉၄၊ ၉၅ ခုနှစ် ပတ်ဝန်းကျင်ကဖြစ်ပါတယ်။ အဲဒီတုန်းက အားကစားပွဲတွေ၊ သင်္ကြန်မဏ္ဍပ်တွေမှာ စပွန်ဆာပေးကြတာများပေမယ့် တွင်တွင်ကျယ်ကျယ်ရှိလှတာမဟုတ်ပေမယ့် အခုကတော့ ဘာပွဲလုပ်လုပ် စပွန်ဆာ ပါမှပြီးသလိုဖြစ်နေပါတယ်။

စပွန်ဆာပေးတယ်ဆိုတာ တကယ်တော့ ကြော်ငြာနည်းတမျိုးပါပဲ။ ဘေလ်ဘုတ်ကြီးထောင်ပြီး ပြောင်ကြော်ငြာတဲ့နည်းရှိသလို စပွန်ဆာပေးပြီး မသိမသာကြော်ငြာတာမျိုးလဲရှိကြောင်းနဲ့ စပွန်ဆာပေးကြော်ငြာတဲ့နည်းက ဈေးကွက်စီးပွားရေးရဲ့ပုံစံတမျိုးဖြစ်တယ်လို့ စီးပွားရေးစာစောင်တခုက အယ်ဒီတာတယောက်က ပြောပါတယ်။

"လုပ်တဲ့ပွဲ အကြီးအသေးပေါ် မူတည်တယ်။ သာမန်ဟောပြောပွဲဆိုလို့ရှိရင်လည်း အခန်းငှားခ၊ ဟောပြောပွဲဆရာတွေကို ဥာဏ်ပူဇော်ခ နည်းနည်းပါးပါးပေးရတယ်။ ဖက်ရှင်ရှိုးဆိုလို့ရှိရင်လုပ်တဲ့ ပွဲအပေါ်မူတည်ပါတယ်။ ဟော်တယ်တခုမှာ လုပ်တယ်ဆိုရင် အနည်းဆုံး အခန်း ငှားခ၊ ကျွေးခနဲ့ ဒေါ်လာ ၅ ထောင်၊ ၁ သောင်းလောက် အနည်းဆုံးကုန်နိုင်တယ်" လို့ ရှင်းပြပါတယ်။

စပွန်ဆာပေးတဲ့နေရာမှာ အဓိက စပွန်ဆာပေးတဲ့သူနဲ့ တစိတ်တပိုင်းစပွန်ဆာပေးတဲ့သူဆိုပြီး နှစ်မျိုးရှိကြောင်း၊ ဥပမာ အဆိုတော်လေးဖြူရဲ့ ဂီတဖျော်ဖြေပွဲခရီးဆိုရင် အယ်လ်ပိုင်းသောက်ရေသန့်က အဓိကစပွန်ဆာပေးပြီး တခြားလုပ်ငန်းအချို့က တစိတ်တပိုင်းအနေနဲ့ စပွန်ဆာပေးကြောင်း၊ အဓိကစပွန်ဆာက ၂၅ သိန်း၊ သိန်း ၃၀ လောက်ပေးတဲ့နေရာမှာ ၃ သိန်း၊ ၄ သိန်းလောက်ပါဝင်ပြီး စပွန်ဆာပေးတာမျိုးရှိကြောင်း စပွန်ဆာပေးတဲ့ ကုမ္ပဏီတခုက ရှင်းပြပါတယ်။ ရန်ကုန်မှာလုပ်တဲ့ စပွန်ဆာနဲ့ကျင်းပတဲ့ ပွဲတော်တော်များများကို တက်လေ့ရှိသူ စာနယ်ဇင်း ဆရာတယောက်ကို စပွန်စာခေတ်ဖြစ်နေပြီလားလို့ မေးမြန်းကြည့်ရာမှာ…

"စပွန်ဆာ ရတဲ့ပွဲမှရတာ၊ မရတဲ့ပွဲက မရဘူး၊ အမြဲ ပုံမှန်ရတယ်လို့တော့ မရှိဘူး၊ စီးပွားရေးအခြေအနေ ကျတဲ့အတွက် ဒီဘက်ပိုင်းမှာ စပွန်ဆာ နည်းနည်းနည်းသွားတယ်" လို့ပြောပါတယ်။

# ညောင်လေးပင်မြို့နယ်မှ ရယကများ ဒေသခံပြည်သူတွေထံမှ ငွေလိမ်ယူ

**DVB ၊ မတ်လ ၁၈ ။ ။** ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ကကျေးရွာ တွေမှာ သက်ဆိုင်ရာ ရယကတွေဟာ ဒေသခံပြည်သူတွေကို အကြောင်းအမျိုးမျိုး ပြပြီး ခြိမ်းခြောက်လိမ်လည်ကာ ငွေတောင်းခံမှုတွေရှိနေပါတယ်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တောင်ကြီးကျေးရွာမှာ ရယကတွေက သက်ဆိုင်ရာတံဆိပ်တုံးတွေ အသုံးပြုပြီး ဒေသခံပြည်သူတွေဆီက ငွေကြေးလိမ်လယ်တောင်းခံမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေရှိနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဒီလထဲမှာ တောင်ကြီးကျေးရွာက အမျိုးသမီးငယ်တဦး ပျဉ်းမနား နေပြည်တော်မှာ အလုပ်သွားလုပ်ဖို့အကူအညီပေးသူကို သက်ဆိုင်ရာ ရယက လူကြီးတွေက လူကုန်ကူးတယ်လို့ စွပ်စွဲပြီး ငွေကြေးလိမ်လည်မှုတခုဖြစ်ခဲ့ပါတယ်။ ကျေးရွာ ရယက လူကြီးတွေဟာ အလုပ်ရှာပေးသူဆီက ငွေလိမ်ယူဖို့ကြိုးစားပုံကို ဆွေမျိုးတော်စပ်သူတဦးက ပြောပါတယ်။

“လက်ဝတ်လက်စားပါလာတယ်၊ ငွေပါလာလောက်တယ်ဆိုပြီး လူကုန်ကူးမှုဆိုပြီးတော့ ရယကဥက္ကဋ္ဌက ရှစ်သောင်းတောင်းတယ်။ မပေးတော့ ရဲစခန်းခေါ်သွားတယ်။ ရဲက စခန်းထဲမှာမချုပ်ဘဲနဲ့ အပြင်တန်းလျားမှာ တညသိပ်တယ်။ စခန်းမှူးပြန်လွှတ်တဲ့အချိန်မှာ ရယက ဥက္ကဋ္ဌက သူ့အိမ်မှာ ထိန်းသိမ်းပြီးတော့ အဓမ္မ ငွေတသောင်းတောင်းတော့ ပေးလိုက်တယ်။ ၃ ရက် ၃ လ ၂၀၀၉ မှာ တကြိမ်သူခေါ်ပြီး၊ စာထွက်ပြီးတော့ အမှုပိတ်ဖို့နဲ့ ကယ်ရီခတို့ ဘာတို့အတွက် ငွေထပ်တောင်းတယ်။ ၁၅ ရက် ၃ လ ၂၀၀၉ မှာထပ်ပြီးတော့ အမှုပိတ်ဖို့၊ မပါတော့ဘဲနဲ့ ကယ်ရီခတွေလာရှင်းပေးဖို့ တံဆိပ်တုံးရိုက်ပြီးတော့ ခေါ်တယ်။ ရယကဥက္ကဋ္ဌတံဆိပ်တုံး လေးလက်မအဝိုင်းရယ် အောက်ကသူရဲ့ ဥက္ကဋ္ဌဆိုတဲ့ တံဆိပ်တုံးနဲ့ အလူူတော်ငွေတောင်းခံဖို့ ဆိုတာလုပ်ထားတယ်။”

ကျေးရွာလူကြီးတွေက မဒေါက် ရဲစခန်းအထိခေါ်သွားပေမယ့် အလုပ်ရှာပေးသူဟာ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်ကြပ်ကြီးတဦးနဲ့ ခဲအို တော်စပ်တာကို ရဲကသိလို့ ဒီအမှုမှာ ပါဝင်ပတ်သက်ခြင်းမရှိဘူးလို့လည်း ဆွေမျိုးတော်စပ်သူက ပြောပါတယ်။ ရပ်ရွာတာဝန်ရှိသူတွေလုပ်နေပြီး အာဏာပိုင်တံဆိပ်တုံးတွေ အသုံးပြုကာ ငွေကြေးလိမ်လယ်တောင်းနေတဲ့အပေါ် ငွေတောင်းခံရသူဟာ ခဲအိုတပ်ကြပ်ကြီးရဲ့အကူအညီနဲ့ နေပြည်တော်က စစ်တပ်အရာရှိကြီးများကို တိုင်းတန်းထားကြောင်းလည်း သိရပါတယ်၊ အခုလို ကျေးရွာအာဏာပိုင်တွေ အာဏာအလွဲသုံးစားလုပ်နေတဲ့အပေါ် ဒေသခံရွာသား တဦးကလည်း ဝေဖန်ပါတယ်။

“၂၀၀၇ မှာ တပြည်လုံးမှာ တက်လာတဲ့ ရယကတွေဟာ ကျေးရွာလူထုသဘောကျ ရွေးထားတဲ့သူတွေမဟုတ်ဘူး။ အာဏာပိုင်အဖွဲ့အစည်းတွေက တိုက်ရိုက်ချပေးလိုက်တဲ့သူတွေ ဖြစ်နေတယ်၊ အဲဒီ ရယကတွေက သူတို့လုပ်ရမယ့် ကျေးရွာလုပ်ငန်းတွေကို မလုပ်ဘဲနဲ့ ရွာသူရွာသားတွေဆီကမြေသိမ်းတယ်။ မြေနုကျွန်းပေါ်တဲ့အခါမျိုးဆိုရင်လည်း သူတို့ဆွေမျိုးတွေကိုပေးတယ်၊ အမှုအခင်းတွေ ဖန်တီးတယ်။ ရဲကို အကြောင်းပြပြီး အခုလို ငွေတောင်းတဲ့ ကိစ္စမျိုးတွေလုပ်တယ်။ ဒီလိုအကျင့်ပျက် ရယကတွေကို ကျေးရွာတွေမှာ ဆက်ပြီးတာဝန်ပေးထားဦးမယ်ဆိုရင် လက်ရှိအစိုးရမျှော်မှန်းထားတဲ့ တည်ငြိမ်တဲ့အုပ်ချုပ်ရေးရဖို့တို့၊ ၂၀၁၀ ရွေးကောက်ပွဲမှာအလုပ်လုပ်ဖို့ဆိုတာတွေ ဘယ်လိုလုပ်သွားလုပ်လို့ ရတော့မှာလဲ။”

# ဘိန်းခင်းများကို ဟန်ပြဖျက်ဆီးပြပုံပို လိုင်ဇာရုပ်မြင်သံကြားက ပြသ

**DVB ၊ မတ်လ ၁၆ ။ ။** ကချင်ပြည်နယ် လိုင်ဇာရုပ်မြင်သံကြားက ထုတ်လွှင့်သွားတဲ့ ဘိန်းခင်းဖျက်ဆီးပုံ ရုပ်သံမှတ်တမ်းဟာ ဟန်ပြအလိမ်အညာပဲလို့ လိုင်ဇာဒေသခံတွေက ပြောပါတယ်။

နအဖစစ်တပ်နဲ့ ကေအိုင်အိုအဖွဲ့တို့ပူးပေါင်းပြီး ဘိန်းခင်းဖျက်ဆီးပြနေပုံတွေကို စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ကေအိုင်အို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ပိုင် နားဖော့အခြေစိုက် လိုင်ဇာရုပ်မြင်သံကြားဌာနက အခုရက်ပိုင်းအတွင်း ထုတ်လွှင့်ပြသွားတာပါ။ အဲဒီပြကွက်တွေမှာ အစေးမထုတ်ရသေးတဲ့ ဘိန်းပင်တွေကို ရှောင်ကွင်းပြီး အစေးထုတ်ယူပြီးသား ဘိန်းခင်းတွေကို ဖျက်ဆီးပြတာဖြစ်တဲ့အပြင် ဘိန်းစိုက်သူတွေ ထွက်ပြေးပုံတွေကိုလည်း အကွက်ဆင် ရိုက်ကူးထားတာလို့ လိုင်ဇာဒေသခံတဦးက ပြောပါတယ်။

“မဖျက်ပဲနဲ့ ကျော်သွားတဲ့ခြံတွေအများကြီးရှိတယ်၊ ခြစ်ပြီးတဲ့ဘိန်းခင်းကို နည်းနည်းဆက်ပြနေတယ်၊ သူတို့လိမ်တဲ့ဟာက အကုန်ပေါ်တယ်၊ ကျနော်တို့တီဗွီကြည့်တာနဲ့ တခါတည်း သိတယ်ရလေ။ ချန်ထားလိုက်တဲ့ဟာက ချန်ထား၊ သူတို့ခေါ်ပြီးခုတ်တဲ့ဟာက ခုတ်ဆိုတော့ ဘယ်နေရာက နအဖဘက် က မဖျက်ပဲနဲ့ ကျော်သွားခိုင်းတယ်ဆိုတဲ့ဟာတွေ စာတမ်းထိုးပြတယ်။ ဘယ်နားမှာဘယ်လို နောက်ကျတော့ ခြံပိုင်ရှင်ရှင်ရယ် သူတို့က လမ်းမဘက်က ရှေ့က ပြေးသွားပြီးမှ သွားအော်လိုက်တာ ‘အဝါး–အဝါး’ ဆိုပြီးတော့ ကချင်လိုအော်တာ၊ ခြံပိုင်ရှင်တွေက ထွက်ပြေးသွားတာ ဟိုက လက်တောင်ပြသွားသေးတယ်။”

“အဝါး–အဝါး”ဆိုတာ ကချင်လို “အဖေ–အဖေ”လို့ အဓိပ္ပါယ်ရပြီး နအဖစစ်သားတွေက ဘိန်းစိုက်တောင်သူတွေကို အသိပေးရှောင်ခိုင်းနေတာပဲလို့ ပြောပါတယ်။ ကေအိုင်အိုစခန်း နေရာဟောင်းဖြစ်တဲ့ ဖာပေါ်စခန်းမှာဆိုရင် ဘိန်းခင်းတွေအများအပြားရှိနေပြီး အဲဒီနေရာမှာ အစိုးရစစ်တပ်က စခန်းချထားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

ဒီရုပ်မြင်သံကြားပြကွက်ဟာ ကေအိုင်အိုထိန်းချုပ်နယ်မြေမှာ ဘိန်းတွေ စိုက်ပျိုးနေဆဲပဲဆိုတာကို စစ်အုပ်စုကသိက္ခာချချင်သလို ကေအိုင်အိုဘက်ကလည်း ဒီလိုလုပ်ကြံဇာတ်ကွက်တွေမှာ အာဏာပိုင်တွေက ပါဝင်ပတ်သက်တယ်ဆိုတာကို ပြချင်တယ်ဆိုတာ ထင်ရှားနေတယ်လို့ အဲဒီဒေသခံက ရှင်းပြပါတယ်။

“ဒီနယ်မြေမှာ ငြိမ်းချမ်းရေးနယ်မြေမှာ ဘိန်းက ဒါမျိုးဖြစ်နေတယ်ဆိုပြီး အပုပ်ချပြီးမှ သူတို့က တဖက်စောင်းနဲ့ ချောက်တွန်းတဲ့သဘောမျိုးသက်ရောက်တယ်။ ကျနော်အနေနဲ့တောင်မှ ဒီလောက်သိတယ်ဆိုရင်တော့ သူတို့လည်း ကြည့်မှာပဲ၊ တီဗီမှာတောင်လွှင့်တယ်ဆိုတော့ သူတို့လည်းပဲမခံချင်လို့ မတရား လုပ်မှန်းသိလို့ သူတို့လည်းလွှင့်တယ်၊ မဟုတ်ရင် သူတို့ ဒါလွှင့်မှာမဟုတ်ဘူး စာသားလည်း ပေါ်တင်ထိုးတာ။ စာသားနဲ့ ဒါက ဘယ်လိုဘယ်လိုမဖျက်နဲ့ သူတို့ ချန်ထားခိုင်းတယ်၊ ဒါက ဘယ်အခင်း ဘာညာ အဲဒီလိုမျိုးစာတမ်းထိုးပေးတယ်။” ဒီကိစ္စနဲ့ ပတ်သက်ပြီး ကေအိုင်အိုကို ဆက်သွယ်ဖို့ကြိုးစားပေမယ့် မရခဲ့ပါဘူး။

**စာမျက်နှာ ၁၇ မှ**

ကျပ်တသောင်း ဒဏ်ရိုက်တာတွေပါ ရှိနေတယ်လို့လည်း တခြားနယ်ခံတဦးက ပြောပါတယ်။ ဒါကြောင့် စာမေးပွဲကာလအတွင်း မိဘတွေက သားသမီးတွေကို အနီးကပ်အားပေးချင်ပေမယ့် ညှော်စာရင်းကြေးမပေးနိုင်လို့ အခက်တွေ့ခဲ့ရပါတယ်။ ပင်းတလဲရွာ စာစစ်ဌာနမှာ ဖြေဆို နေတဲ့ ကျောင်းသား ၆ ရာနီးပါရှိပြီး အများစုဟာ အထက်တန်းကျောင်းမရှိတဲ့ အနီးအနားက ကျေးရွာနှစ်ဆယ်ကျော်က ကျောင်းသားတွေဖြစ်တယ်လို့ သိရပါတယ်။

# ၁၀ တန်းစာမေးပွဲဖြေမယ့် ကျောင်းသားတွေကို ရှာဖွေစစ်ဆေးမှု ကြမ်းတမ်း

**DVB ၊ မတ်လ ၁၆ ။** ။ ဒီနှစ် ၁၀ တန်းစာမေးပွဲဖြေနေတဲ့ ကျောင်းသားတွေကို စာမေးပွဲခန်းထဲမှာ ခိုးမချနိုင်အောင်ကာကွယ်တဲ့အနေနဲ့ ကျောင်းသားတွေကို ဆရာတွေကရှာဖွေရာမှာ မြင်းခြံမြို့ စာစစ်ဌာနကျောင်းတွေက ဆရာ ဆရာမတွေရဲ့စစ်ဆေးရှာဖွေမှု အတော်လေးကြမ်းတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေခံစားနေရပါတယ်။

ကျောင်းထဲ စဝင်တာနဲ့ ကျောင်းတံခါးဝက ရှာဖွေရေးအခန်းတွေမှာ ကျောင်းသားတခန်း၊ ကျောင်းသူတခန်း သီးသန့်ခွဲထားပြီး ဆရာ ဆရာမတွေက အတွင်းခံပါ မကျန်အောင်ရှာဖွေကြတာ ဖြစ်ပါတယ်၊ ဆက်ကျော်သက် ကျောင်းသူလေးတွေကို အိန္ဒြေပျက်တဲ့အထိ အရှာကြမ်းတဲ့ မြင်းခြံ မကျည်းပင်စုမြောက်ဘက် အထက ၃ ဆရာမတွေရဲ့ လုပ်ရပ်ကို အဲဒီကျောင်းမှာ စာမေးပွဲဖြေရတဲ့ ကျောင်းသူတယောက်က ပြောပါတယ်။

“ဓာတုဗေဒဖြေတဲ့နေ့က ကောင်မလေးတယောက်ကို မိတာပေါ့။ အဲ့ကောင်မလေးတယောက်ကို အင်္ကျီအကုန်ချွတ်တယ်၊ ယူလာတဲ့ ကောင်မလေးရဲ့ခုံနံပတ်လည်း မှတ်၊ နာမည်လည်းမှတ်ထားတယ်။ သမီးတို့ ခိုးစာ လုံးဝမယူခဲ့ဘူး၊ ခိုးဖို့အစီအစဉ်လည်းလုံးဝမရှိဘူး။ သမီးကိုတော့ အတွင်းခံထဲက ဘော်လီကိုနှိုက်တော့ အောက်ကနေပဲနိုက်တာ အင်္ကျီကနည်းနည်း ချောင်တော့ အပေါ်ကိုရောက်သွားတယ်။ သူက လက်အိတ်တွေနဲ့ ဘောင်းဘီကို အောက်ကနေလည်း စမ်းတယ်၊ အထက်ကနေလည်းစမ်းတယ်။ ထမီကိုလည်း ခါပြရတယ်။ ဓာတုဗေဒနေ့မှာ အသက်ကြီးကြီးဆရာမတယောက် စစ်တော့ အဲ့လောက်မကြမ်းဘူး။ ကျန်တဲ့ ဆရာမအငယ်လေးက တော်တော်ကိုစစ်တာ၊ ဆရာမလည်း အဲ့လောက်ထိတောင်စစ်တာ။ ဒီလောက်အထိစစ်တာ ဘယ်သူမှ မကြိုက်ကြဘူးလေ။”

မြင်းခြံမြို့အထက ၁ မှာ ဖြေရတဲ့ ကျောင်းသားလေးနဲ့ ကျောင်းသူလေးတဦးကလည်း ဆရာ ဆရာမတွေရဲ့ အစစ်အဆေးကြမ်းမှုကြောင့် ရှက်စိတ်ဖြစ်ပြီး ကျက်ထားတဲ့စာတွေ မေ့ကုန်တဲ့အထိ ခံစားရတယ်လို့ ပြောပါတယ်။

“လုံချည်တွေဘာတွေ ချွတ်၊ ဘောင်းဘီတွေဘာတွေနှိုက်ပြီးရှာတယ်။ ကောင်မလေးတခန်း၊ ယောကျ်ားလေးတခန်း နှစ်ခန်းရှိတယ်။ အကုန်လုံးကို တယောက်ချင်းရှာတာ။ အခန်းတွေက မလုံဘူး အပြင်ကနေကြည့်ရင်မြင်တယ်။ ကပ်ကျက်တဲ့စာတွေလည်း မေ့၊ ပထမနေ့က ဆိုးတယ်။ အင်္ကျီကို အကုန်လုံးနှိုက်ပြီးရှာတာ စစ်တာ တကယ်ရှက်တာပေါ့။”

စာခိုးချမှု ပပျောက်တဲ့ ပညာရေးစနစ်ဖြစ်ဖို့ ကျောင်းသားတွေကို ရှာဖွေရေးလုပ်တာ မှန်ပေမယ့် စာဖြေဌာန တာဝန်ကျ ဆရာဆရာမတွေ လွန်လွန် ကဲကဲ ရှာဖွေနေတဲ့ လုပ်ရပ်အပေါ် မြင်းခြံမြို့ အခမဲ့ပညာသင်ကျောင်းက စေတနာ ဝန်ထမ်းဆရာတဦးက ဝေဖန်ပါတယ်။

“စာမေးပွဲတခုအတွက် ဒီလိုစစ်ဆေးရတာကတော့ ကောင်းပါတယ်။ လွန်လွန်ကျူးကျူး စစ်ဆေးတာကျတော့လည်း စိတ်မကောင်းဘူး၊ စစ်ဆေးမေးမြန်းတဲ့အခါမှာ မရှာသင့် မရှာထိုက်တဲ့ နေရာမျိုးတွေမှာ ရှာတယ်ဆိုတော့ သိပ်မကောင်းဘူးပေါ့။ ဘာလို့လည်းဆိုတော့ ဒီကလေးတွေက တနှစ်တတန်း အောင်ခဲ့တယ်။ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ စာမေးပွဲကို ဘယ်တော့မှ မဖြေခဲ့ဘူး။ ဒီစာမေးပွဲဟာ သူတို့ ပထမဆုံးစာမေးပွဲလို့ ပြောလို့ရတဲ့ စာမေးပွဲတခုလည်း ဖြစ်တယ်။ ဒီစာမေးပွဲအတွက် သူတို့အား ကုန်ကြိုးစားထားတဲ့အချိန်မှာ သူတို့ရဲ့ စိတ်လွတ်လပ်မှုနဲ့ ဘဝအတွက်တန်ဖိုးရှိတဲ့ အရာတခုကို အောင်မြင်အောင် ဖြတ်သန်းရမှာ။ အဲ့ဒီအချိန်မှာ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာကို ညှိုးနွမ်းအောင်ပြုလုပ်လိုက်ပြီးတော့ အောင်မြင်အောင်သွားရမယ့် လမ်းခရီးမှာ အတားအဆီးတခုအနေနဲ့ ပြုလုပ်လိုက်သလို ဖြစ်သွားတဲ့အတွက် သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုတွေ ဖြစ်တယ်။ ဒါက ကလေးတယောက်ရဲ့ ရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးတခုကို ချိုးဖေါက်လိုက်တာဖြစ်တယ်လို့ ကျနော်တော့ထင်တယ်။”

မကွေးတိုင်း မြိုင်မြို့နယ်အတွင်းကကျောင်းတွေမှာ အလားတူရှာဖွေမှုတွေ ရှိပေမယ့် မြင်းခြံမြို့က စာဖြေဌာနတွေလောက်မကြမ်းဘူးလို့ ဒေသခံ ကျောင်းသူတဦးက ပြောပါတယ်။

---

# ညှော်စာရင်းကြောင့် ကျောင်းသားများအခက်တွေ့

**DVB ၊ မတ်လ ၁၆ ။** ။ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်က စာစစ် ဌာနကျေးရွာတရွာမှာ တခြားရွာတွေက စာမေးပွဲလာဖြေတဲ့ကျောင်းသားနဲ့ မိသားစုတွေကို ကျေးရွာရယက က ညှော်စာရင်းအဖြစ် တညငါးရာကျပ်နှုန်း ကောက်ခံနေပါတယ်။

စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်းမှာ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အနောက်ဘက်ခြမ်းက ပင်းတလဲကျေးရွာ စာစစ်ဌာနမှာ ကျေးရွာရယကတွေက စာမေးပွဲလာရောက်ဖြေဆိုတဲ့ ကျောင်းသူ ကျောင်းသားတွေနဲ့ မိသားစုတွေကို တည ကျပ် ၅၀၀ ကောက်ခံနေတယ်လို့ သိရပါတယ်။ အဲဒီစစ်ဌာနကို လာရောက်ဖြေဆိုရတဲ့ ကျောင်းသားတွေက မြို့နဲ့ အလှမ်းဝေးတဲ့နေရာတွေကဖြစ်ပြီး ကျောင်းသားတွေ စာမေးပွဲဖြေဆိုရာကို မိဘနဲ့ ဆွေမျိုးတွေက စက်ဘီးတတန်၊ ခြေလျင်တတန် လိုက်လာကြပြီး ကျောင်းသားတွေ ဖြေဆိုတာကို အားပေးတယ် ကြောင်း၊ အဲဒီဆွေမျိုးမိဘတွေကို ညှော်စာရင်းခကောက်ခံတဲ့အတွက် ဖြေဆိုရမယ့် ကျောင်းသားတွေမှာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်လို့ ပင်းတလဲနယ်ခံတဦး ကပြောပါတယ်။

“အခုတောမှာဆိုရင် နွေရာသီမှာ အလုပ်မရှိဘူး၊ တနေကုန် ကိုယ့်ထမင်းထုပ်နဲ့ ကိုယ်တောင် ငါးရာ ရဖို့ မလွယ်ဘူး။ ဒီလို မဖြစ်သင့်ဘူးလို့ ကျနော်ယူဆတယ်။ ဒီလိုလုပ်တဲ့ အတွက် ကလေးတွေရဲ့ စာမေးပွဲအတွက် အောင်မြင်မှုထက် ကျရှုံးမှုက ၈၀ ရာခိုင်နှုန်းလောက် ရှိလိမ့်မယ်လို့ ကျနော်ယူဆတယ်။”

ညှော်စာရင်းမတိုင်တာမိရင် အိမ်ရှင်ကို ကျပ် နှစ်သောင်း၊ ညှော်သည်ကို

**စာမျက်နှာ ၁၆ သို့**

---

**တဘက်မှ**

အလားတူပင် တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးကျွမ်းကျင်သူဦးအောင်ကျော်ဇောကလည်း“NDA-K သည် နောက်ပိုင်းတွင် စစ်ရေးအင်အားနှင့် စွမ်းအားလျော့နည်းကျဆင်းသွားပြီဖြစ်သဖြင့် အကယ်၍သာ စစ်အစိုးရကလက်နက်ချရန်ပြောလာပါက လက်နက်ချမည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရှိကြောင်းပြောပါသည်။

NDA-K မှာက အခုစစ်သား ၃၀၀–၄၀၀ တပိုက်လောက်ဘဲရှိတော့တာ စစ်အစိုးရကလုပ်ချင်တယ်ဆိုရင် သူတို့နဲ့အချိန်မရွေးစေ့စပ်နိုင်တယ်။ ဒီတော့ သူတို့လက်နက်ချမယ်ဆိုရင်လည်း အံ့အားသင့်စရာတော့မရှိပါဘူး” ဦးအောင်ကျော်ဇောကပြောပါသည်။

စစ်အစိုးရက KIO ကိုအင်အားချိနဲ့အောင်လုပ်ရာတွင် NDA-K ကို ကောင်းစွာအသုံးချနေကြောင်းနှင့် ကချင်တိုင်းရင်းသားများထဲတွင် KIO သည် အဓိက လက်နက်ကိုင်အဖွဲ့ကြောင်းလည်း သူကဆက်ပြောပါသည်။ ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးနှင့်အရပ်ဘက်အဖွဲ့အစည်းအားလုံး၏ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းတည်ထောင်သွားပြီး လာမည့်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီတွင် ယင်းတို့၏အဖွဲ့ကို ကိုယ်စားပြုပါဝင်ရန် ကိုယ်စားလှယ် ၅ ဦးကို NDA-K က ခန့်အပ်တာဝန်ပေးပြီးဖြစ်ပါသည်။

တရားဝင်ကြေညာခြင်းမပြုရသေးသည့် အဆိုပါနိုင်ငံရေးပါတီကို ‘ကချင်ပြည်တိုးတက်ရေးပါတီ (KSPP)’ ဟု ခေါ်မည်ဖြစ်ကြောင်း သတင်းရပ်ကွက်များက ပြောပါသည်။ ယင်းအဖွဲ့သည် ကချင်ပြည်သူလူထုကိုယ်စားပြုပါတီအဖြစ် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

# စက်မှု ၁ ဝန်ကြီးဌာန စားသောက်ကုန်လုပ်ငန်းကြီးအရှုံးပေါ် ပြိုလဲတော့မည်

**NEJ ၊ မတ်လ ၁၇ ။** ။ စက်မှု ၁ ဝန်ကြီးဌာနလက်အောက်ခံ စားသောက်ကုန်လုပ်ငန်းဌာနကြီး အရှုံးပေါ်ပြီးတွက်ချေမကိုက်တော့တဲ့အတွက် အဆိုပါဌာနဦးဆောင်ညွှန်ကြားရေးမှူးရာထူးကို စစ်ဗိုလ်မထားတော့ဘဲ အရပ်သားကိုသာ ဝန်ကြီး ဦးအောင်သောင်းက ရာထူးတိုးပေးထားသည်ဟု စုံစမ်းသိရသည်။

စက်မှု ၁ ဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းမှ စီးကရက်စက်ရုံ၊ ဘီယာစက်ရုံနှင့် သကြားစက်ရုံများကို ပုဂ္ဂလိကမှ လွှဲယူတော့မည်ဖြစ်သည်။ လက်ကျန်အခြားစက်ရုံသေးများမှာ စီးပွားရေးအရတွက်ချေမကိုက်သည့် စက်ရုံများသာဖြစ်သဖြင့် စားသောက်ကုန်လုပ်ငန်းဌာနကြီး ပြိုလဲလုနီးပါးဖြစ်နေသည်ဟု စက်ရုံမှူးတဦးကပြောပါသည်။

ရန်ကုန်စီးကရက်စက်ရုံအမှတ် ၂ လှိုင်မြို့နယ်အား လက်ရှိဝန်ထမ်း ၆၀၀ ကျော်နှင့်အတူ ပုဂ္ဂလိကလက်လွှဲပြောင်းရာ ပုဂ္ဂလိကမှဝန်ထမ်း ၂၀၀ ကျော်သာ လက်ခံသည်ဟု ဝန်ကြီးဦးအောင်သောင်း၏လက်ထောက်တဦးက ပြောပါသည်။ ကျန်ဝန်ထမ်း ၂၀၀ ကျော်ကို မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံအချို့သို့အရေးပေါ်ပြောင်းရွှေ့ပြီး ကျန် ၁၇၀ ခန့်မှာ အသက်ကြီးဝန်ထမ်းများဖြစ်သည့်အတွက် စက်မှု ၁ ရှိအခြားစက်မှုလုပ်ငန်းများက လက်မခံလိုသဖြင့် အဆိုပါ ဝန်ထမ်းများအလုပ်ပြုတ်လုနီးပါးဖြစ်နေသည်ဟုလည်း ပြောပါသည်။

စားသောက်ကုန်လုပ်ငန်းဌာနကြီး ယခုကဲ့သို့ယိမ်းယိုင်နေချိန်တွင် လစ်လပ်သည့်ဦးဆောင်ညွှန်ကြားရေးမှူးရာထူးအား စစ်ဗိုလ်များကိုမပေးတော့ဘဲ အရပ်သားဓါတုအင်ဂျင်နီယာ ဒေါက်တာချိုဝင်းမော် အား ဝန်ကြီးဦးအောင်သောင်းက ရာထူးတိုးပေးခဲ့သည်။ သဘောမှာ နောင်တက်မည့်အရပ်သားအစိုးရသို့လွှဲချိန်တွင် အရပ်သား ဒေါက်တာချိုဝင်းမော်လက်ထက်ကျမှ စားသောက်ကုန်လုပ်ငန်းဌာနကြီး ပြိုလဲသွားရသည်ဆိုသည့်အဖြစ်မျိုးရောက်ရန် ဦးအောင်သောင်းက ကြံစည်ခြင်းဖြစ်သည်ဟု နေပြည်တော်ဝန်ကြီးဌာနတခုလုံးရှိ အရာထမ်းများက ပြောဆိုနေကြပါသည်။

ထိုအတောအတွင်း စက်မှု ၁ အပါအဝင် ဝန်ကြီးဌာနပေါင်းစုံမှ နိုင်ငံစီမံကိန်းများကို ၂၀၁၀ မတိုင်မီပြီးရန် စီမံကိန်းများအနက် အရေးမကြီးသောစီမံကိန်းများအား လာမည့်နှစ် ၂၀၀၉–၂၀၁၀ တွင် ငွေလုံးငွေရင်းအသုံးစရိတ်များ ၂၀ ရာခိုင်နှုန်းအထိဖြတ်နေသည့်အပြင် မလုပ်သင့်တော့သည့်စီမံကိန်းများအား စိစစ်နေသည်ဟု စုံစမ်းသိရှိရပါသည်။ ဝန်ကြီးဌာနများအပေါ် နအဖက ဖိအားပေး နေချိန်တွင် ဝန်ကြီးဦးအောင်သောင်းကလည်း အရာရှိများအား ဖိအားပေးနေကြောင်း အရာရှိတဦးကပြောပြပါသည်။

၎င်းက“ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်ကုန်ခါနီးတာမို့ စက်မှု ၁ ဝန်ကြီးမှ လုပ်ငန်းများကို လုံးဝလစ်ဟာမှုမရှိစေရန် ကလီကမာမလုပ်ကြရန်၊ ဉာဏ်မများကြရန်၊ သူပြောတာနာခံမှုမရှိရင်အရေးယူမယ်ဆိုပြီး ခြိမ်းခြောက်ပါတယ်။ ခိုင်းတာမလုပ်ချင်ရင်အာဏာရုပ်သိမ်းခံရမယ်။ သူ့အနေနဲ့ By Force မလုပ်ချင်ဘူး၊ သူ့ကွယ်ရာမှာ သူရဲကောင်းလုပ်၍မရ၊ သစ္စာရှိရှိ၊ အရည်အချင်းရှိရှိ၊ ယုံကြည်ချက်၊ ခံယူချက်နဲ့ကြိုးစားလုပ်ကိုင်ပါ။ မလုပ်ကိုင်ရင်တစုံတရာဖိအားပေးခံရမယ်။ အဲလိုခံရရင် ကိုယ်အလုပ်မလုပ်တာမနာခံတာကြောင့်ဆိုတာနားလည်ပါ။ အမေမွေးကတည်းကရာထူးကပ်ပါလာခြင်းမဟုတ်ဘူး၊ ပေါ့ပေါ့လျော့လျော့လုပ်လို့မရ၊ ဇီဇာကြောင်၍မရ၊ သူ့အနေနဲ့မပြောချင်လို့မပြောတာကို ‘အ’ တယ်လို့မထင်ကြနဲ့ဆိုပြီး အမိန့်တွေဆက်တိုက်ထုတ် ဖိအားပေးတာပါဘဲ” ဟုပြောပါသည်။

ဝန်ကြီးဦးအောင်သောင်း ဆေးကုသမှုခံယူရန်အတွက် လောလောဆယ် စင်္ကာပူသို့ရောက်နေသည်ဟု သူ၏လက်ထောက်တဦးက ပြောပြပါသည်။

---

# သကြၤန်ကာလအကြို စားကုန်ဈေးတက်

**DVB ၊ မတ်လ ၁၆ ။** ။ ရန်ကုန်မြို့မှာ သကြၤန်နီးလာလို့ လူသုံးကုန်ပစ္စည်းတွေ၊ အဝတ်အထည်တွေ ဈေးကျနေပေမယ့် စားသောက်ကုန်တွေကတော့ ဈေးတက်နေပါတယ်။

စားသောက်ကုန်တွေ ဈေးတက်နေတယ်ဆိုပေမယ့် စားသုံးဆီဖြစ်တဲ့ မြေပဲဆီအစစ်ကတော့ တပိဿာကို အရင်သုံးထောင်ကျော်ပေါက်ဈေးရှိနေရာကနေ အခု နှစ်ထောင်ကျော်ပဲ ရှိတော့တဲ့အထိ ဈေးကျနေပါတယ်၊ အခြေခံစားကုန်တွေဖြစ်တဲ့ အာလူး၊ ကြက်သွန်ကအစ အကုန်ဈေးပြန်တက်လာတာဟာ သကြၤန်နား နီးလာလို့ဖြစ်မယ်ထင်တယ်လို့ ရန်ကုန်မြို့မဈေးက ဈေးသည်တဦးကပြောပါတယ်။ ရန်ကုန်မှာ နှစ်တိုင်းလိုလို သကြၤန်အကြိုကာလမှာ အခြေခံစားသောက်ကုန်ပစ္စည်းတွေ ဈေးတက်လေ့ရှိပြီး အရောင်းအဝယ်ကောင်းလေ့ရှိပါတယ်။

ဒါပေမယ့် ဒီနှစ်မှာတော့ စားသောက်ကုန်တွေဈေးတက်ပေမယ့် အရောင်းအဝယ်ပါးနေတယ်လို့ အဲဒီဈေးသည်က ပြောပါတယ်၊ ပြီးခဲ့တဲ့ရက်တွေ တုန်းက ကျန်းမာရေးဝန်ကြီးဌာနက လက်ဖက်တွေမှာ ဆိုးဆေးတွေပါလို့ မစားသင့်ဘူးလို့ သတင်းတွေမှာ ရေးသားဖော်ပြထားတဲ့အတွက် လက်ဖက်အရောင်းအဝယ်တော့ အနည်းငယ်ကျသွားတယ်လို့ အဲဒီဈေးသည်ကပဲ ပြောပါတယ်။

“နို့မှုန့်တွေတောင် မယ်လမင်းပါတယ်ဆိုပြီးကြေညာထားပေမယ့် ရောင်းနေရတာပဲ။ အန္တရာယ်ဖြစ်စေတဲ့ အစားအစာကိုမစားဖို့ တားမြစ်ထား တယ်ဆိုပေမယ့် နှစ်ပေါင်းများစွာကတည်းက လက်ဖက်ကို အစဉ်အလာတခုလို စားသုံးလာခဲ့တာမို့ ဒီနေ့အထိ စားသုံးသူတွေကတော့ ရှိနေဆဲပါပဲ”။

---

# ထောက်လှမ်းရေးတချို့ ပြန်လွတ်

**RFA ၊ မတ်လ ၁၉ ။** ။ မြန်မာနိုင်ငံအကျဉ်းထောင်တွေကနေ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးနေတာ အလွန်ကိုနည်းနေတယ်ဆိုပေမယ့် ၂၀၀၄ ခုနှစ်တုန်းက စစ်ထောက်လှမ်းရေးအကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့အတူ ဖမ်းဆီးတရား စွဲထောင်ချခြင်းခံရတဲ့ ထောက်လှမ်းရေးတပ်ရင်းမှူးနဲ့တပ်မှူးတချို့ကို ဘူးသီးတောင်ထောင်ကနေပြီးခဲ့တဲ့ရက်ပိုင်းက ပြန်လွှတ်ပေးလိုက်ကြောင်းသိရပါတယ်။

မတ်လ ၉ ရက်နဲ့ ၁၀ ရက်နေ့တွေတုန်းက ရခိုင်ပြည်နယ်၊ အမ်းမြို့အခြေစိုက် ယခင်ထောက်လှမ်းရေးတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကျော်ငြိမ်းနဲ့ ထောက်လှမ်းရေး ၁၀ တပ်မှူးတို့ကို ပြန်လွှတ်ပေးလိုက်ပြီလို့ ရခိုင်ဒေသခံတဦးက RFA ကိုပြောဆိုလိုက်ပါတယ်။

“ထောက်လှမ်းရေးတပ်မှူးတို့ ထောက်လှမ်းရေးအဖွဲ့တွေလွှတ်လာတာတော့ရှိတယ်၊ ဘူးသီးတောင်ထောင်ကနေ ၁၀ ရက်နေ့လောက်ကလွှတ်ကြတယ်။ အားလုံး တပ်မှူးရော တပ်ရင်းမှူးရောလွှတ်တယ်ဗျ။ တပ်ရင်းမှူးကကျော်ငြိမ်း၊ ရခိုင်ပြည်နယ်တခုလုံးရဲ့တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီးကျော်ငြိမ်း သူက အမ်းမှာရုံးချုပ်က သူ့အောက်မှာထောက်လှမ်းရေး ၁၀ တို့ ၁၈ တို့အဲလိုမျိုးရှိတယ်။ တပ်မှူးက မိုးမြင့်ဆိုတာ၊ သူကတော့ထောက်လှမ်းရေး ၁၀ တပ်မှူး၊ ကျနော်ထင်တာတော့ နှစ် ၂၀–၃၀ တော့ချ တာဘဲ။ ဗိုလ်ချုပ်ခင်ညွန့်နဲ့အတူတူဘဲဗျ။ ခင်ညွန့်ဖမ်းပြီးမှ ဖမ်းတာ။ သူတို့ရှိတဲ့နေရာမှာဖမ်းပြီးတော့ တရားစီရင်ပြီးတော့ ဘူးသီးတောင်ထောင်ကိုပို့လိုက်တာ။ ဒီထက်ကြီးတဲ့လူတွေတော့ကျန်သေးတယ်လို့ ပြောတယ်”

ဘူးသီးတောင် ထောင်ထဲမှာပြန်မလွှတ်သေးဘဲကျန်နေသေးတဲ့ အဆင့်မြင့်ထောက်လှမ်းရေးအရာရှိတွေကျန်နေသေးကြောင်း စုံစမ်းသိရှိရပါတယ်။ အခုပြန်လွှတ်လာတဲ့ ထောက်လှမ်း ရေးအရာရှိတွေဟာ မတ်လ ၁၁ ရက်နေ့မှာ သူတို့ရဲ့နေရပ်ရင်းကိုပြန်သွားကြတယ်လို့ သိရပါတယ်။ သူတို့ကို အနှစ် ၃၀ လောက်ချထားပေမယ့် ၅ နှစ်အတွင်းအခုလိုပြန်လွှတ်ပေးလိုက်တာဖြစ်ပါတယ်။

# အထည်ချုပ်စက်ရုံတွင် အလုပ်သမားအခွင့်အရေးချိုးဖောက်မှုတွေ ရှိနေ

**DVB ၊ မတ်လ ၁၈ ။** ။ ရန်ကုန်တိုင်း ဒဂုံမြို့သစ် လေးထောင့်ကန် ရပ်ကွက်အရှေ့ပိုင်းရှိ ဟာကျူလီ အထည်ချုပ်စက်ရုံမှာ အထက်အရာရှိတွေက အလုပ်သမားတွေအပေါ် အလုပ်သမားအခွင့်အရေးချိုးဖောက်နေတယ်လို့ အလုပ်သမတချို့က ပြောပါတယ်။

အထက်အရာရှိတွေဖြစ်တဲ့ မန်နေဂျာ ဦးခင်မောင်၊ ဒေါ်သန်းသန်းနွယ်၊ မအေးအေးအောင်နဲ့ ဆူပါဗိုက်ဇာ သန်းသန်းဌေးတို့ပူးပေါင်းပြီး အလုပ်အဓမ္မခိုင်းစေတာ၊ လုပ်ခခံစားခွင့် အပြည့်အဝမပေးတာ၊ ကျမ်းမာရေး စောင့်ရှောက်ခွင့်မပေးတာ စတဲ့ အလုပ်သမားတဦးရပိုင်ခွင့်တွေကို မပေးဘူးလို့ သူတို့က ပြောပါတယ်။ အလုပ်ခွင်မှာ ဆဲဆိုကြိမ်းမောင်းတဲ့အပြင် ကိုယ်ထိလက်ရောက် ရိုက်နှက်စော်ကားကြောင်း၊ အလုပ်ချိန် ၃ ရက် နောက်ကျရင် တရက်စာ အဖြတ်ခံရကြောင်း လောလောဆယ် အလုပ်ထွက်လာတဲ့ အလုပ်သမ ၄ ဦးက ပြောပါတယ်။ နေထိုင်မကောင်းလို့ နားပြီး အလုပ်ပြန်ဝင်တာကို အထက်အရာရှိတွေက မဖွယ်မရာတွေ ပြောဆို တိုင်းထွာပြီး အလုပ်က ချက်ချင်းထွက်သွားခိုင်းတယ်လို့ပြောပါတယ်။

“သမီးတို့လည်း အဲ့ဒီကအကောင်တွေနဲ့ အပေးစားခံရလို့၊ မခံနိုင်လို့ မနေ့က ထမင်းစားလွှတ်ချိန်မှာ ခိုးထွက်လာတာ။ သူတို့ကလည်း နင်တို့မျက်နှာတွေမမြင်ချင်ဘူး၊ အလုပ်မဆင်းချင်ရင် ပြန်ကြဆိုပြီးတော့ မောင်းထုတ်တယ်။”

ဟာကျူလီ အထည်ချုပ်စက်ရုံဟာ ကိုရီးယားနိုင်ငံသားပိုင်ဖြစ်ပြီး ဝန်ထမ်း ၇၀၀ ကျော်ရှိကာ အလုပ်သမားတဦးကို အနည်းဆုံးလစာ ကျပ်နှစ်သောင်းသာ ပေးပြီး လစာကို နှစ်ကြိမ်ခွဲပေးကြောင်း၊ အချိန်ပိုအလုပ်ဆင်းရတာတွေရှိပေမယ့် အိုဗာတိုင်ကြေး မပေးဘူးလို့ သူတို့တွေက ပြောပါတယ်။ လုပ်ခအပြည့်အဝ တခါတည်း မရတဲ့အတွက် သူတို့ကို မှီခိုနေရတဲ့ မိသားစုတွေစားဝတ်နေရေးမှာ တော်တော်အခက်အခဲဖြစ်ရတယ်လို့ သူတို့ကပဲ ပြောပါတယ်။

အလုပ်ရုံမှာ ဆက်လက်လုပ်ကိုင်နေသူတွေကလည်း သင်္ကြန်မှာပေးမယ့် ဆုကြေးငွေကို မျှော်လင့်နေရတဲ့အတွက် ဆက်လက်လုပ်ကိုင်နေရတာဖြစ်ကြောင်း၊ ဆုကြေးငွေကလည်း တဝက်ပဲ ရမလိုလို၊ မပေးတော့ဘူးလိုလို ကြားနေရကြောင်း အလုပ်ထွက်လာတဲ့ အလုပ်သမလေးတွေက ပြောပါတယ်။ စက်ရုံကအထက်အရာရှိတွေရဲ့ မတရားခိုင်းစေ စော်ကားမှုတွေကို တခြား အထက်အရာရှိတွေသိအောင် ပြောပြချင်ပေမယ့် အဲဒီအရာရှိ ၄ ဦးက သူ့တို့ကို ကာကွယ်ပြောဆိုပေးမယ့် အလုပ်သမားတွေကို ဘေးမှာထားပြီး လာရောက်စစ်ဆေးတဲ့ အရာရှိတွေကို ဖြေကြားခိုင်းတယ်လို့လည်း ဆိုပါတယ်။

# နိဗ္ဗာန်ယာဉ်တွေကို ရေဝေးအပြင် ထိန်ပင်မှာပါထားဖို့ ထပ်မံစာပို့

**DVB ၊ မတ်လ ၁၈ ။** ။ အနုပညာရှင်ဦးကျော်သူ ဦးစီးတဲ့ ရန်ကုန်မြို့ က နာရေးကူညီမှုအသင်းကို အာဏာပိုင်တွေက စာထပ်ပို့လိုက်ပြန်ပါပြီ။

ဒီနေ့ နေ့စွဲနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စာထပ်ပို့တာလို့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူ က ပြောပါတယ်။ နိဗ္ဗာန်ယာဉ်တွေကို ရေဝေးသုသာန်မှာထားဖို့ ဂိုဒေါင်တွေဆောက်လုပ်နေချိန်မှာ အခက် အခဲတွေအများကြီးတွေ့ရလို့ ယာဉ်တွေကို မေလဆန်းမှ ပြောင်းရွှေ့နိုင်မယ့်အကြောင်း စာတင်ပြီးနောက် စာထပ်ပို့လာတာလို့ ပြောပါတယ်။ နိဗ္ဗာန်ယာဉ်တွေကို မြေငှားခ တလလတသောင်းနဲ့ ရေဝေးမှာနေရာချထားပေးတဲ့အတွက် အဆောက်အဦး ဆောက်လုပ်ရာမှာ မြေနေရာမကောင်းတာကြောင့် ဆောက်လုပ်ချိန်ကြာမြင့်နိုင်ပြီး ဧပြီလပိုင်းလောက်မှ အသေအချာပြီးစီးနိုင်မှာဖြစ်တဲ့အတွက် မေလဆန်းလောက်မှ ပြောင်းရွှေ့နိုင်မယ်ဆိုတဲ့အကြောင်းစာပြန်တင်တယ်လို့ ဦးကျော်သူက ပြောပါတယ်။

“အဲဒါ စာကို လက်မခံဘဲနဲ့ အခုထပ်ပြီးတော့ ရေဝေးနဲ့ ထိန်ပင်သုသာန် ၂ ခုမှာ ကားတွေကို တဝက်စီခွဲထားရမယ်ဆိုပြီး စာထပ်ရောက်ပြန်ပြီ။”

စစ်အုပ်စုက ခွင့်ပြုတဲ့နေရာအတိုင်း ရေဝေးမှာ အဆောက်အဦးတွေ ဆောက် နေချိန်မှာ ထိန်ပင်သုသာန်ကိုခွဲပြီး ယာဉ်တွေ ထားဖို့ထပ်မံစာပို့လာတဲ့အပေါ် စိတ်ပျက်မိတယ်လို့ ဦးကျော်သူက ပြောပါတယ်။ ရေဝေးမှာ ကားထားဖို့ ဆောက်လက်စဖြစ်နေတဲ့အတွက် ရေဝေးမှာပဲ ယာဉ်တွေ ထားဖို့ဆုံးဖြတ်ထားပြီး ထိန်ပင်မှာ မထားနိုင်ကြောင်း စာပြန်တင်မယ်လို့ ဦးကျော်သူက ပြောပါတယ်။

“ဆောက်ပြီးရင် မေလဆန်းဆိုရင် ကျနော်တို့ရွှေ့ပါမယ်ဆိုတာ စာတင်ထားပြီးပြီ၊ မြောက်ဒဂုံမှာလည်း အဆောက်အဦးဆောက်နေရတဲ့အတွက် အကုန်အကျ များနေတယ်၊ နိုင်ငံတော်ငွေနဲ့လုပ်တာမှမဟုတ်တာ၊ သူများလှူထားတဲ့ငွေတွေနဲ့ မော်တော်ကားတွေကို အများအတွက် ကျနော်တို့က ကုသိုလ်အဖြစ် ထမ်းဆောင်ပေးနေတဲ့နေရာမှာ အနှောင့်အယှက်တွေဖြစ်တာပေါ့၊ ဟိုဘက် ဒီဘက် တဝက်စီထားရမယ်ဆိုတာတွေဖြစ်နေတော့ တော်တော့်ကိုဒုက္ခရောက်တဲ့အတွက် ကျနော့်အနေနဲ့ စိတ်ညစ်လာတဲ့အပိုင်းရှိလာပြီ။”

နာရေးကူညီမှုအသင်းအနေနဲ့ နိုင်ငံတော်အတွက် ကူညီပေးခဲ့တာတွေ ရှိတယ်လို့ ဦးကျော်သူက ပြောပါတယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူညီတောင်းလို့ ရထားကြိတ်လို့သေဆုံးသူတွေ၊ အသတ်ခံရသူတွေ၊ ရေနစ်သူတွေရဲ့ အလောင်းတွေ အလောင်း ၇ လောင်းကို သင်္ဂြိုဟ်ပေးခဲ့တယ်လို့ ပြောပါတယ်။ လောလောဆယ် တနေ့ကို ပျမ်းမျှအလောင်း ၅၀ လောက် ကူညီသင်္ဂြိုဟ်ပေးနေရတယ်လို့ ဦးကျော်သူက ပြောပါတယ်။

ဦးကျော်သူ ဦးဆောင်တဲ့ နာရေးကူညီမှု အသင်းကို ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ပြီး ဆင်းရဲချမ်းသာ လူမျိုး ဘာသာမရွေး အခမဲ့ နာရေးအကူညီပေးနေတဲ့အပြင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်မှာ ‘သုခ’ ကုသိုလ်ဖြစ် ဆေးခန်း တခု ဖွင့်လှစ်ပြီး လူနာတွေကို အခမဲ့ဆေး ကုသပေးနေတာပါ။ ဒါပေမယ့် ဒီနှစ်ပိုင်းမှာ နာရေးကူညီမှုအသင်း အပါအဝင် ခရစ်ယာန်၊ မွတ်ဆလင်နဲ့ တခြားဘာသာဝင်တွေရဲ့ နာရေးကူညီမှုအသင်းပိုင် အသုဘယာဉ်တွေအားလုံးကို မြို့ပြင် ရေဝေးဆီ ပြောင်းရွှေ့ဖို့ အာဏာပိုင်တွေက ဖိအားပေးလာပါတယ်။

**စာမျက်နှာ ၇ မှ**

ထိုင်းနိုင်ငံ၏ပြည်နယ် ၇၆ ခုအနက် ပြည်နယ် ၃၃ ခုသည် မြန်မာနယ်စပ်နှင့်နီးကပ်နေသည့်အတွက် မြန်မာနှင့်ဖြစ်သည့်ပြဿနာများသည် ထိုင်းလုံခြုံရေးကို ထိခိုက်သည်ဟုဖော်ပြထားပါသည်။ ထိုင်း–မြန်မာနယ်စပ်တွင် စစ်ပွဲများဖြစ်လာပြီဆိုပါက ထိုင်း–အမေရိ ကန်စစ်ရေးစာချုပ်အရ အင်အားသုံးရလောက်အောင် ပြဿနာကြီးထွားမည့် အခြေအနေမျိုးဖြစ်ပေါ်ရန် ထိုအချိန်က အခွင့်အလမ်းနည်းပါးသည်ဟု အစီရင်ခံစာ၌ သုံးသပ်ထားပါသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုကို သမတကလင်တန် လက်ထက် ၁၉၉၇ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအပေါ် အမေရိကန်ဒဏ်ခတ်ပိတ်ဆို့မှုက ပြဿနာများကိုမဖြေရှင်းနိုင်ကြောင်း ထိုင်းစီးပွားရေးခေါင်းဆောင်များနှင့် ထိုင်းအရာရှိများက ထောက်ပြခဲ့ပါသည်။ အမေရိကန်က မြောက်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်တို့ကိုမူ ဆက်ဆံနိုင်သည့်ပေါ်လစီများသုံးပြီး မြန်မာစစ်အစိုးရအပေါ်မည်သည့်အတွက် မသုံးရသနည်းဟု အဆိုပါပုဂ္ဂိုလ်များကပါ ထောက်ပြခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

သို့သော် မြန်မာအစိုးရဘက်က ဘာမှလုပ်ကိုင်မပြဘဲ အမေရိကန်ကစီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးမည်ဆိုလျှင် မြန်မာအစိုးရကိုနားလည်မှုလွဲမှားအောင် လုပ်သည်နှင့်တူသည်ဟု စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်သည့် ထိုင်းအရာရှိများက ပြောပါသည်။

# မြန်မာငွေတန်ဖိုးမြင့်၍ ပြည်ပငွေလွှဲလုပ်ငန်းလုပ်သူများ အခက်တွေ့

**DVB ၊ မတ်လ ၁၈ ။** ။ မြန်မာကျပ်ငွေတန်ဖိုးတက်မှုကြောင့် ပြည်ပ မှာ အလုပ်လုပ်ကိုင်သူတွေနဲ့ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူတွေ အခက်အခဲတွေ ရင်ဆိုင်နေရပါတယ်။

ဒီနှစ်ဆန်းကတည်းက မြန်မာကျပ်ငွေတန်ဖိုး တဖြည်းဖြည်းတက်လာတာကြောင့် မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်တွေတလျှောက်မှာ အရောင်းအဝယ်တွေအေးနေပြီး တချို့ငွေလဲလှယ်တဲ့ လုပ်ငန်းတော်တော်များများလည်း ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာဆိုရင် ဒီငွေဈေးအပြောင်းအလဲကြောင့် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံကို ငွေအလွှဲအပြောင်းလုပ်နေတဲ့ ငွေလွှဲဌာနသုံးလေးခုလောက် ပိတ်လိုက်ရတယ်လို့ ဘန်ကောက်ရှိ ငွေလွှဲဌာနတခုကပြောပါတယ်။

"ကျနော်သိသလောက် ဘန်ကောက်မှာ အရင်တုန်းက လုပ်ငန်းကြီးကြီးတွေကို ငွေလွှဲနေတဲ့ဌာန ၈ ခုလောက်ရှိတာ အခု ၂ ခု ၃ ခုပဲ ကျန်တော့တယ်။ ဗမာပြည်ကနေ ငွေတွေ ပြန်တက်မလာတော့ဘူးလေ၊ ဒီမှာ ဘတ်ငွေယူလိုက်တယ်။ ဗမာပြည်မှာ ဗမာငွေထုတ်ပေးတယ်။ ထုတ်ရင်း ထုတ်ရင်းနဲ့ ဗမာပြည်မှာငွေကထုတ်ပြီးတော့ အကုန်လုံးရပ်သွားရတယ်။ သူတို့ယူထားတဲ့ ဘတ်ငွေကို ဗမာငွေပြန်ဖော်မယ်ဆိုရင်လည်း သူတို့လိုချင်တဲ့အရေအတွက်ကြီး မရနိုင်ဘူးဆိုတော့ ပြဿနာက တက်နေတယ်။"

ဘန်ကောက်မှာဆက်လက်ပြီး ငွေလွှဲလုပ်ငန်း လုပ်ကိုင်နေတဲ့ နေရာတခုကတော့ တခါတလေ အရှုံးခံပြီး လွှဲပေးနေရတာတောင်ရှိတယ်လို့ပြောပါတယ်။

"ကျနော်တို့ကတော့ ပုံမှန်လုပ်ပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ဗမာတွေက ဒီကလွှဲမှ ဟိုကလက်ခံပြီး စားရသောက်ရတဲ့သူတွေကရှိတယ်လေ။ ကိုယ့်ဆီက အမြဲလွှဲနေသူတွေဖြစ်တော့လည်း တခါတလေကျတော့ အရှုံးခံပြီး လွှဲပေးရတာပေါ့နော်။ ငွေဈေးတက်တော့လည်း ငွေဈေးတက်တဲ့အလျောက် တက်ပြီး ကောက်တယ်လေ။"

ကျပ်ငွေတန်ဖိုးတက်လာတာကြောင့် ပြည်ပထွက် အလုပ်လုပ်ကိုင်သူတွေမှာလည်း အရင်လို မြန်မာပြည်ထဲက မိသားစုတွေကို မထောက်ပံ့နိုင်တဲ့အပြင် သူတို့ကိုယ်တိုင်ပါ အခက်တွေ့နေရပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ အလုပ်လာလုပ်တဲ့ မြန်မာအမျိုးသမီး အလုပ်သမားတဦးက အခုလိုပြောပါတယ်။

"ငွေက အခက်အခဲဖြစ်လို့ ကိုယ်က ပစ္စည်းလေးရောင်းထုတ်ပြီး ပို့မယ်လုပ်တာ ပစ္စည်းရောင်းထုတ်တာ ရှုံးတဲ့အပြင် ငွေကလည်း ဗမာငွေတသိန်းကို ဘတ်တထောင်လောက် ပိုလာတော့ လေးသိန်းပို့မယ့်ဟာ သုံးသိန်းပဲပို့နိုင်တော့တယ်"။

မြန်မာကျပ်ငွေတန်ဖိုးတက်နေရတာဟာ အဓိက ဘာကြောင့်လဲလို့ ရန်ကုန်စီးပွားရေးပညာရှင် ဦးခင်မောင်ညို (ဘောဂဗေဒ)ကို မေးကြည့်ရာမှာတော့ သူက အခုလိုပြောပါ တယ်။

"အရောင်းအဝယ်သဘောကတော့ သိပ်မဆန်းပါဘူး။ ဝယ်တဲ့သူနည်းပြီး ရောင်းတဲ့သူ များလို့ပေါ့။ ဒေါ်လာဝယ်တဲ့သူမရှိဘူး၊ ရောင်းတဲ့သူများနေတယ်။ ဒါကြောင့် ဒေါ်လာဈေးကျပြီး ဗမာငွေက တက်နေတာပေါ့။"

ပင်မကုန်သွယ်ရေးမှာ ပို့ကုန်သွင်းကုန် မရှိတာက တကြောင်း၊ ကမ္ဘာ့စီးပွားရေးပျက်ကပ်က တကြောင်း၊ ပြည်တွင်းစီးပွားရေး မကောင်းတာကတကြောင်းကြောင့် ဒေါ်လာဈေးကျပြီး မြန်မာငွေတန်ဖိုးတက်နေတာဖြစ်တယ်လို့လည်း ဦးခင်မောင်ညို က ပြောပြပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER